# မြဝတီ နေ့စဉ်

**တိုင်းပြည်၏ စတုတ္ထမဏ္ဍိုင်ကို ဖော်ဆောင်ပေးသည် မြဝတီ**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၁၃)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
၂၀၂၅ ခုနှစ်၊ ဩဂုတ်  ၉ ရက်၊ စနေနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့်အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် ရန်ကုန်မြို့အခြေစိုက်သံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက လက်မှတ်ရေးထိုး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia ကလက်မှတ်ရေးထိုးစဉ်။

နေပြည်တော် ဩဂုတ် ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် ဩဂုတ်လ ၇ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်ကို ရန်ကုန်မြို့၊ စကားဝါလမ်းရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဩဂုတ်လ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားရာ မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ဝမ်းနည်းကြောင်း လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ယနေ့တွင် မြန်မာနိုင်ငံဆိုင်ရာ သံရုံးအကြီးအကဲများဖြစ်သည့် နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire၊ ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump၊ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Dr. Md. Monwar Hossain၊ ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ **စာမျက်နှာ ၁၇ ကော်လံ ၄ ➔**

## နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

စာ -၁၂ သို့

## နတ်မောက်မြို့နယ်၌ မိုးဦးမိုးဖြင့်စိုက်ပျိုးသည့် ဆီထွက်သီးနှံနှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

စာ -၃ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဩဂုတ် ၉ ရက်)

# တရားမဝင်ကုန်သွယ်မှု လုံးဝပပျောက်ရေး

မြန်မာနိုင်ငံတွင် စစ်မှန်၍ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးခြင်းနှင့်အတူ ဈေးကွက်စီးပွားရေးစနစ်ကိုလည်း ကျင့်သုံးလျက်ရှိသည်။ ဈေးကွက်စီးပွားရေးစနစ်တွင် တရားဝင်ကုန်သွယ်မှုသာ ရှိရမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မသမာမှုနည်းလမ်းပေါင်းစုံရှိနေမှုတို့ကို ဖော်ထုတ်ဖမ်းဆီးတိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းပပျောက်သွားမည်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံအများစုတွင် အဓိကမူဝါဒရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ကြုံတွေ့နေကြသည်။ တရားမဝင်ကုန်သွယ်မှုများသည် မြေပြင်တွင် တရားမဝင်နည်းလမ်းများနှင့် ကုန်သွယ်မှုပြုနေကြသကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်။

ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်မှုမရှိစေရေး တားဆီးစစ်ဆေးရာတွင် နည်းပညာအကူအညီရယူ၍ လိုအပ်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အတွက် ထိုသို့ တရားမဝင်ကုန်သွယ်မှုများကို တားဆီးတိုက်ဖျက်ရန်မှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတွင်ရှိသည့် တရားမဝင်ကုန်သွယ်မှုအထူးအဖွဲ့များ၊ ကော်မတီများအောက်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအားလုံး၏တာဝန်ပင်ဖြစ်သည်။

နိုင်ငံတကာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ Transnational Alliance to Combat Illicit Trade(TRACIT) နိုင်ငံဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးမဟာမိတ်အဖွဲ့၏ ဖော်ပြချက်အရ တရားမဝင်ကုန်သွယ်မှုများသည် နှစ်စဉ်အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံထက် မနိမ့်ကျဘဲ ဆက်လက်ဖြစ်ပွားနေသည်ဟု သိရှိရသည်။ ယင်းသည် တရားမဝင် ငွေကြေးစီးဆင်းမှုမှတစ်ဆင့်သွားနေကြခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တိတိကျကျစစ်ဆေးဖော်ထုတ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများပြုလုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများရှိနေ၍ နိုင်ငံတော်အတွက် အခွန်အခမှတစ်ဆင့် ဘဏ္ဍာငွေရရှိမှုများစွာ နစ်နာဆုံးရှုံးမှုများရှိနေသည်။ ပြည်ပသို့တင်ပို့သည့်ပို့ကုန်နှင့် ပြည်တွင်းသို့ တရားဝင်ဝင်ရောက်လာသည့် သွင်းကုန်မှာ ညီမျှမှုမရှိဘဲ ကွာခြားမှုများရှိနေသည်။ နိုင်ငံတော်မှရရှိမည့် အခွန်အခများမှာ အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ နစ်နာသလို အဆိုပါတရားမဝင်ပို့ကုန်၊ သွင်းကုန်တန်ဖိုးအတွက် သုံးစွဲလိုက်သည့် နိုင်ငံခြားသုံးငွေ၊ ရရှိလာသည့်နိုင်ငံခြားသုံးငွေတို့မှ အဆိုပါတရားမဝင်ကုန်သွယ်မှုကို သစ္စာမဲ့နိုင်ငံ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေများစွာ နစ်နာလျက်ရှိသည်။ တရားမဝင်ရရှိလာသည့် နိုင်ငံခြားသုံးငွေများလည်း Cryptocurrency ကဲ့သို့ တရားမဝင်ငွေကြေးစီးဆင်းမှုမှတစ်ဆင့် မိမိတို့နိုင်ငံ၏ နိုင်ငံခြားငွေရရှိနိုင်မှုကိုလည်း များစွာထိခိုက်နစ်နာစေလျက်ရှိသည်။

တရားမဝင်ကုန်ပစ္စည်းများကြောင့် မှောင်ခိုရောင်းဝယ်မှု၊ အရည်အသွေးပြည့်မီမှုမရှိသည့် သွင်းကုန်ပစ္စည်းများမှတစ်ဆင့် ပြည်တွင်းသုံးစွဲသူများအတွက် ထိခိုက်နစ်နာစေခြင်းအပြင် ကုန်ဈေးနှုန်းကမောက်ကမဖြစ်စေခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း လျော့ကျစေခြင်း၊ ၎င်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေခြင်းနှင့် ကုန်ထုတ်စွမ်းအားလျော့ကျခြင်း၊ ပို့ကုန်လျော့ကျခြင်း စသည့်ပြဿနာများကိုဖြစ်စေသည်။

တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ဖမ်းဆီးရရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ် ဇန်နဝါရီလကနေ ၂၀၂၅ ခုနှစ် ဇွန်လအထိ ၃ နှစ်နှင့် ၆ လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံဖမ်းဆီးရမိခဲ့သည်။ ထိုသို့ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများတိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုသည်။ ထိုသို့ ဖမ်းဆီးရမိခြင်းသည် တာဝန်ကျေပွန်စွာဖြင့် သစ္စာရှိရှိဆောင်ရွက်နေသည့် ဝန်ထမ်းများကြောင့်ဖြစ်သည်။ ဖမ်းဆီးရမိမှုများတွင် တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အလှကုန်ပစ္စည်းများပါဝင်သည်။

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ရှိ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို ဇူလိုင်လ ၁၇ ရက်က အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွင်းကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ် ၄ စီးနှင့် ယာဉ်ငယ်များကို သီးခြားယာဉ်စစ်စင်ဖြင့် ၂ စီးတစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်း၊ ပို့ကုန်ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ် ၂ စီးနှင့် ယာဉ်ငယ်များကို ၂ စီးတစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများလျှော့ချနိုင်မည့်အပြင် စစ်ဆေးချိန်ကြာမြင့်မှုများကိုလျှော့ချနိုင်ပြီဖြစ်သည်။ အဆိုပါဂိတ်မှ တရားမဝင်ပစ္စည်းများကို နည်းမျိုးစုံဖြင့် တင်သွင်းရန်ကြိုးစားသော်လည်း ကျွမ်းကျင်ဝန်ထမ်းများ၏ စစ်ဆေးမှုကြောင့် လက်နက်ခဲယမ်းအပါအဝင် တရားမဝင်ကုန်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့သည်မှာ အလွန်ကောင်းမွန်သည့် ဆောင်ရွက်ချက်ဖြစ်သည်။ တရားမဝင်ကုန်သွယ်မှုပပျောက်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# မဲပေးစက်များနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းဆောင်ရွက်

လွိုင်ကော် ဩဂုတ် ၈

ကယားပြည်နယ် လွိုင်ကော်မြို့ မြို့လယ်ဓမ္မာရုံ၌ လွိုင်ကော်မြို့နယ်အတွင်းရှိပြည်သူများသို့ မဲပေးစက်များနှင့်စပ်လျဉ်း၍ အသိပညာပေးခြင်းနှင့် စမ်းသပ်ဆန္ဒမဲပေးခြင်းဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် အီလက်ထရောနစ်မဲပေးစက်များကိုအသုံးပြု၍ ပထမဦးဆုံးပြုလုပ်မည့် ရွေးကောက်ပွဲဖြစ်၍ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အဆိုပါမဲပေးစက်များ အသုံးပြုပုံကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် အမှန်တကယ်ဆန္ဒမဲပေးချိန်တွင် အဆင်ပြေချောမွေ့လွယ်ကူစွာနှင့် မှန်ကန်မြန်ဆန်ပြီး အမှားအယွင်းကင်းစွာ မဲပေးနိုင်ရန်အတွက် ယခုလို သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲရုံး၊ ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့်အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရပ်ကွက်နေပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် စိတ်ပါဝင်စားစွာ လက်တွေ့စမ်းသပ်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုအားပေးသည်။ မဲပေးစက်ဖြင့် စမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအား ရှမ်းစု၊ ရွှေတောင်နှင့် ဈေးပိုင်းရပ်ကွက်နေပြည်သူများက ပါဝင်ဆောင်ရွက်ပြီး ပြည်နယ်အတွင်းရှိ မြို့နယ်/ရပ်ကွက်/ကျေးရွာများအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်တက္ကသိုလ်နယ်မြေအတွင်းရှိ အဆောက်အအုံများ ပြုပြင်တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသည့်လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြုရေး၊ အဆောင်များပတ်ဝန်းကျင်သန့်ရှင်းသာယာရေး၊ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အားနည်းချက်၊ ချွတ်ယွင်းချက်များ မဖြစ်ပေါ်စေရေး အရည်အသွေးစစ်ဆေးရေးအဖွဲ့များက စဉ်ဆက်မပြတ်စစ်ဆေးရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ (၄၀၅)

# မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ငဖဲ ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ကုန်းသာကျေးရွာ၌ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်အေးအေးသန့်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။ ဇင်မာ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၉-၈-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

## MWD Education, Knowledge & Sports Channel

၉-၈-၂၀၂၅(စနေနေ့)

၁။ ၀၈:၀၀-၁၀:၀၃ Grade-10 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ
၂။ ၁၂:၀၀ -၁၄:၀၃ Grade-10 သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ
၃။ ၁၆:၀၀-၁၈:၀၅ Grade-10 ရူပဗေဒ၊ ဇီဝဗေဒ
၄။ ၁၈:၀၅-၁၉:၅၃ Grade-10 ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရွှေတိဂုံစေတီတော်၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)အခမ်းအနားများကျင်းပ



ရန်ကုန် ဩဂုတ် ၈

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ ကြီးမှူးကျင်းပသည့် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) အခမ်းအနားများကို ဩဂုတ်လ ၈ ရက်တွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်ကြီးအား အရုဏ်ဆွမ်းဆက်ကပ်ပူဇော်ပွဲကို စေတီတော်ရင်ပြင် ဦ့ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အသံမစဲမေတ္တာပို့အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက စိန်ရောင်ခြည်ဘုရားပင့် ဂါထာတော်ဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ နတ်ပြဟ္မာများအား ဖိတ်ကြားခြင်း၊ ရွှေတိဂုံဘုရားရှိခိုးဂါထာတော်ဖြင့် ရှိခိုးပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဆိုပူဇော်ခြင်းနှင့် စုပေါင်းမေတ္တာပို့သခြင်းတို့ ဆောင်ရွက်ကြသည်။

ယင်းနောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များစုရပ်မှစတင်၍ ပန်းပေါင်း ၈၄၀၀၀ ဖြင့် ပူဇော်ထားသည့် ပန်းစေတီများ လှည့်လည်ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများနှင့် ဝန်ထမ်းများက ပန်းစေတီများပင့်ဆောင်၍ ရင်ပြင်တော်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့အား ရည်မှန်းပူဇော်သည့်အနေဖြင့် အရှေ့ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကကုသန္ဓရုပ်ပွားတော်၊ တောင်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကောဏာဂမနရုပ်ပွားတော်၊ အနောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ကဿပရုပ်ပွားတော်၊ မြောက်ဘက်အာရုံခံမုခ်ဦးအတွင်းရှိ ဂေါတမရုပ်ပွားတော်တို့အား ဘဏ္ဍာထိန်းဂေါပကအဖွဲ့နှင့် ဗုဒ္ဓဝေယျာဝစ္စအသင်းများကလည်းကောင်း၊ အထက်ပစ္စယာရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများကလည်းကောင်း ပန်းစေတီများ ကပ်လှူပူဇော်ကြသည်။

ဆက်လက်၍ ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ သာကေတမြို့နယ် တိပိဋက လင်္ကာရ ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက နဝင်္ဂသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် သာကေတမြို့နယ် တိပိဋကလင်္ကာရ ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂသာမိထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေပြီး ဩဝါဒါစရိယဆရာတော်ကြီးများအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ခင်မောင်တင်

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ခရိုင်အဆင့် အာဟာရချက်ပြုတ်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ခရိုင်အဆင့် အာဟာရချက်ပြုတ်ပြိုင်ပွဲကို အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲတွင် အလုံခရိုင်အတွင်း မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများမှ အထက်တန်း ကျောင်းသား၊ ကျောင်းသူတစ်ဖွဲ့လျှင် ငါးဦးစီဖြင့် အဖွဲ့ခေါင်းဆောင်ဖွဲ့ကာ မိမိတို့အဖွဲ့လိုက် အာဟာရအုပ်စု သုံးအုပ်စုပါဝင်သည့်အစားအသောက်များကို ပြင်ဆင်ချက်ပြုတ်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူ အဖွဲ့ခေါင်းဆောင်ဖွဲ့၏ ယှဉ်ပြိုင်ချက်ပြုတ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်ခေါင်းဆောင်ဦးက ပြိုင်ပွဲဝင်များ ချက်ပြုတ်ရာတွင် တစ်ကိုယ်ရည်သန့်ရှင်းခြင်း၊ မီးဖိုချောင်သုံးပစ္စည်းများသန့်ရှင်းခြင်း၊ ပြင်ဆင်ချက်ပြုတ်ခြင်း၊ ချက်ပြုတ်ပြီးအစားအစာများ ခင်းကျင်းပြင်ဆင်ခြင်း၊ အရသာကောင်းမွန်ခြင်း စသည်တို့ကို သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အမှတ်ပေးကာ အကောင်းဆုံး ယှဉ်ပြိုင်ချက်ပြုတ်နိုင်သည့် အဖွဲ့များကို ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။

အဆိုပါပြိုင်ပွဲအခမ်းအနားသို့ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ခရိုင်/မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဌာနမှူးများနှင့် ခရိုင်ကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ယောရော(ပြန်/ဆက်)

# နတ်မောက်မြို့နယ်၌ မိုးဦးမိုးဖြင့်စိုက်ပျိုးသည့် ဆီထွက်သီးနှံ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

နတ်မောက် ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ပြီးခဲ့သည့်မေလအတွင်းရွာသွန်းခဲ့သော မိုးဦးမိုးဖြင့် စိုက်ပျိုးခဲ့သည့် ဆီထွက်သီးနှံ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း နှမ်းစိုက်တောင်သူများ၏ပြောပြချက်အရ သိရသည်။

မိုးဦးနှမ်းစိုက်ပျိုးရာတွင် ချုံကျော်(အဖြူ)၊ ခွေလေးနီ(အနီ)၊ နှမ်းနက်(စမုန်နက်) မျိုးများကိုစိုက်ပျိုးကြပြီး တောင်သူအများစုအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် ချုံကျော် (အဖြူ)နှမ်းမျိုးများကိုသာ အဓိကစိုက်ပျိုးကြသည်။

ယခုနှစ်မိုးရာသီတွင် မေလဒုတိယပတ်မှ စတင်ရွာသွန်းခဲ့သောမိုးရေချိန် မေလ ၂၀ ရက်မှစတင်စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးဦးစိုက်သီးနှံများ အောင်မြင်ဖြစ်ထွန်းမှုရှိကြောင်း၊ အညာဒေသသည် မိုးနည်းရပ်ဝန်းဖြစ်သော်လည်း ယခုနှစ်တွင် မိုးဦးမှစတင်၍ မိုးရွာသွန်းမှုများသောကြောင့် မိုးဦးနှမ်းများ အောင်မြင်ဖြစ်ထွန်းသည့်အတွက် အထွက်နှုန်းကောင်းရန် တောင်သူများ မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မိုးဦးရာသီတွင် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲများ အပြင် ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ ငရုတ်နှင့် သီးညှပ်အဖြစ် ပဲစင်းငုံ၊ နေကြာမျိုးကောင်းမျိုးသန့်များကိုလည်း စိုက်ပျိုးကြသည်။

နှစ်စဉ် ပြည်ပမှ စားအုန်းဆီများ ဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်မှုကို ထိခိုက်စေကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ဆီထွက်သီးနှံများ ပိုမိုအောင်မြင်စွာ ထုတ်လုပ်ရန် လိုအပ်ပြီး အထူးသဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော အထွက်နှုန်းတိုးတက်ရေးကို ပြည့်မီအောင် စိုက်ပျိုးနိုင်ပါက ပြည်တွင်းစားသုံးဆီဖူလုံမှုကို အကျိုးပြုစေမည့်အပြင် ပြည်ပသို့လည်း ပြန်လည်တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မှုမှုစန်း

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### သူကလေး ဘော်ဘီ

၁၉၄၉ ခုနှစ် အောက်တိုဘာလ၌ ခွေးကလေး ဘော်ဘီသေဆုံးရာ ကျွန်ုပ်တို့တစ်အိမ်လုံး ချုံးပွဲချ၍ ငိုကြရသည်။ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ ဝတ္ထုပစ္စည်းဖြစ်စေ၊ ဂုဏ်ရှိသော၊ မရှိသော၊ ကြီးသော၊ ငယ်သော၊ တန်ဖိုးရှိသော၊ မရှိသောအကြောင်း မဟုတ်။ ကျွန်ုပ်နှင့် ခင်မင်သလောက် ချီးမြှောက်ရေးသားချင်တတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း ခွေးကလေး ဘော်ဘီအကြောင်းကို စာဖွဲ့လိုက်ရဦးမည်ဖြစ်ရာ သူကလေး၏ထူးခြားချက်ကို ဖတ်ရှုရသော ပရိသတ်အနက် ကျွန်ုပ်အပေါ်၌ ခင်မင်တွယ်တာခြင်းရှိသူများအဖို့ စိတ်ဝင်စားမှုရှိကြလိမ့်မည်ဟု မျှော်လင့်သည်။ ကျွန်ုပ်၏ မိထွေးသည် ရန်ကုန်မှ ကျွန်ုပ်တို့ရောက်လာသောအခါ၌ မြန်မာခွေးမနှစ်ကောင်မွေးထားရာ တစ်ကောင်မှာ ခိုးစားတတ်သောဝါသနာကြောင့် လူရိုက်သတ်၍ သေသွားပြီး ကျန်တစ်ကောင်မှာ မြန်မာခွေးမတစ်ကောင်အဖို့ရာ၌ ကျစ်လျစ်သော အဆက်အပေါက်ရှိ၍ အတော်ချောသော ခွေးဝါမကလေးဖြစ်၏။ မိထွေးကွယ်လွန်ပြီးနောက် ထိုခွေးမသည် ခွေးကျားကလေး လေးကောင်ပေါက်ပွား၍ အားလုံး အထီးချည်းဖြစ်၏။ ခွေးကလေး လေးကောင်စလုံးသည် ဘယ်ကပင့်ျသန္ဓေရသည်မသိ တခြားသောရွာခွေးများနှင့် မတူဘဲ ပန်းရောင်နှုတ်သီးကလေးများရှိ၍ လူတိုင်းကလိုချင်ပြီး တောင်းနေကြ၏။ ကျွန်ုပ်၏သဘောမှာ လေးကောင်စလုံးကို မွေးလိုသော်လည်း မန်ကျည်းတုံရွာ၌ ကျွန်ုပ်ကြာရှည်နေမည်မဟုတ်ခြင်းကို သိသည်နှင့် တစ်ကောင်ကိုသာမွေးပြီး သုံးကောင်ကို ပေးပစ်ရမည်ဟု ဆုံးဖြတ်လိုက်၏။ မည်သည့်အကောင်ကို မွေးရမည်နည်း။ ထိုအချိန်၌ ကျွန်ုပ်သည် လေးကောင်စလုံးကိုချစ်နေ၍ ရွေးဖို့ခက်နေ၏။ ဤတွင် ကျွန်ုပ်သည် ခွေးကလေးများ၏ အမွေးများကို စမ်းသပ်ကြည့်ရာ ဘော်ဘီ၏အမွေးသည် အကြမ်းဆုံးဖြစ်၍ ၎င်းကိုချန်ထားပြီး ကျန်ခွေးများကို ပေးပစ်လိုက်၏။ (မပေးလျှင်လည်း ခိုးယူကြမည်ဟု ကျွန်ုပ်သတင်းကြားရ၏။) အမွေးကိုစမ်း၍ ရွေးချယ်ခြင်းမှာ အမွေးကြမ်းမှ စိတ်ကြမ်းသည်ဟုကြားဖူး၍ စိတ်ကြမ်းမှ ကြိုက်တတ်သောကြောင့်ဖြစ်၏။ (ကျွန်ုပ်ကိုယ်တိုင်မှာ ဖခင်၏ သိမ်မွေ့သောစိတ်ကို အမွေခံရ၍ သူငယ်ချင်းများ၏ အနိုင်ကျင့်ခြင်းခံခဲ့ရသည်ဟူသော အယူအဆစွဲကပ်လျက်ရှိရာ ခွေးချင်းကိုက်လျှင် ရှုံးခြင်းကို မလိုချင်သည်နှင့် အမွေးကြမ်းသော ဘော်ဘီကို ရွေးချယ်မိဟန်တူသည်။)

### စိတ်ကြမ်းသော ဘော်ဘီ

ဘော်ဘီသည် တစ်ကောင်တည်းရှိနေသောအခါတွင် စိတ်ကြမ်းသော လက္ခဏာများ ဖော်ပြလျက် ရှိလေပြီ။ ကျွန်ုပ်နှင့် တူကလေးတို့၏ ဂရုတစိုက် မွေးမြူခြင်းကြောင့် ဘော်ဘီသည် တစ်နေ့တခြား မွေးထူးရခြားခေါ်လောက်သည့် ရုပ်ဆင်းသဏ္ဌာန်မျိုး ပေါ်ထွက်လာလေရာ ကျွန်ုပ်တို့၏ ဝင်းခြံရှေ့၌ ရပ်တန့်ကြသော လှည်းသမားများသည် ဝချောသော ဘော်ဘီကို ခိုးယူချင်သော စိတ်ဖြစ်ပေါ်ကြ၏။ ဤအကြောင်းကို ကျွန်ုပ်သိ၍ ကျွန်ုပ်နှင့်တူကလေးသည် ဘော်ဘီကို မျက်ခြည်ပြတ်မခံဘဲ စောင့်ကြည့်ကြ၏။ တစ်နေ့သ၌ လှည်းသမားတစ်ယောက်သည် ဘော်ဘီအား ဗယာကြော်ကျွေး၍ ချော့နေခြင်းကို ကျွန်ုပ်တို့မြင်ကြ၏။ သန်းရွှေ(တူကလေး)က ဘော်ဘီကို ခေါ်ယူမည်ပြုရာ ကျွန်ုပ်က တားဆီးလိုက်၏။ ဗယာကြော်တစ်ခုကျွေးပြီးနောက် လှည်းသမားသည် ဘော်ဘီကိုဖမ်းလေရာ ဘော်ဘီက သူ၏လက်ကို ဆတ်ခနဲဟပ်လိုက်၏။ လှည်းသမားသည် စိတ်ဆိုးပြီး ဘော်ဘီကို တုတ်နှင့်ရိုက်မည်ပြုသည်တွင်မှ ကျွန်ုပ်က ထွက်ပြီး ''ဟေ့လူဘာလုပ်တာလဲ'' မေးလိုက်သဖြင့် တွန့်ဆုတ်သွားပြီး ရှက်ကိုးရှက်ကန်းဖြစ်နေ၏။ တခြားသောလှည်းသမားများလည်း ဤအခြင်းအရာကို မြင်တွေ့ကြ၍ ရယ်မောကြလေသည်။ ကျွန်ုပ်သည် မန်ကျည်းတုံရွာ၌ လူတစ်လုံးသူတစ်လုံးဖြစ်သည်ဟု အသိအမှတ်ပြုကြသည့်အပြင် ကျွန်ုပ်တို့၏ အိမ်ရှေ့ဥပစာ အရိပ်အာဝါသကိုလည်း ခိုလှုံကြရသည်ဖြစ်သောကြောင့် ကျွန်ုပ်အပေါ်၌ အထိုက်အလျောက် ဦးညွှတ်ကြပုံရသည်။ ကျွန်ုပ်၏အရှိန်ကို မှီခိုရသည် တစ်ကြောင်း၊ ကိုင်လျှင် ကိုက်တတ်သော ခွေးကလေးဟု နာမည်ထွက်လာသည်တစ်ကြောင်းကြောင့် ဘော်ဘီသည် ထိုနေ့မှစ၍ ခရီးသွား လှည်းသမားများနှင့် ရွာလူငယ်များ၏ ခိုးယူရန် ကြံစည်ခြင်းမှ သက်သာရာ ရလေတော့သည်။

### အချစ်စမ်းခြင်း

တစ်နေ့သ၌ ကျွန်ုပ်သည် ဝက်လက်သို့ လမ်းလျှောက်ထွက်သွားရာ ဘော်ဘီသည် ထုံးစံအတိုင်း ကျွန်ုပ်နောက်မှ တကောက်ကောက်လိုက်လာ၏။ သုံးလသားခန့်မျှသာရှိသေး၍ ခရီးဝေးသွားနိုင်သော အရွယ်မဟုတ်၊ ပွေ့ချီ၍ ခေါ်ရမည့်အရွယ်ဖြစ်၏။ ကျွန်ုပ်စဉ်းစားလျက်ရှိစဉ် ဘော်ဘီ၏အမေ ခွေးဝါမလည်း ပြေးထွက်လာ၍ ကျွန်ုပ်နှင့်အတူ လိုက်ဖို့ပြင်၏။ ခွေးဝါမကား ဖခင်ရှိစဉ်က ကျွန်ုပ်တို့၏ ဝင်းခြံထဲတွင် အတူနေကြပြီး ယခု ဝက်လက်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ကျွန်ုပ်၏ ဘထွေး၏အိမ်သို့ သွားနေကျဖြစ်၍ ဝက်လက်နှင့် မန်ကျည်းတုံကို ကူးချည်လာလှည့်ပြုလုပ်နေသော ခွေးမဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ် ဝက်လက်သို့ လျှောက်လာသောအခါ ဘော်ဘီတို့သားအမိသည် နောက်မှလိုက်လာကြ၏။ ဝက်လက်မြို့အဝင် မူးမြစ်သို့ရောက်သောအခါ ကျွန်ုပ်သည် တောင်ဘက်သို့ ချိုးရမည်ဖြစ်ရာ ဘထွေး၏ နေအိမ်မှာ အရှေ့တည့်တည့်၌ရှိ၏။ ကျွန်ုပ်က တောင်ဘက်သို့ ချိုးသောအခါ ခွေးဝါမသည် ကျွန်ုပ်နောက်သို့မလိုက်ဘဲ ကျွန်ုပ်၏ ဘထွေးရှိသည့် အရှေ့တည့်တည့်သို့သွားလေရာ ဘော်ဘီသည် မည်သည့်ဘက်သို့မျှမလိုက်ဘဲ လမ်းဆုံ၌ ထိုင်လျက်ကျန်ရစ်သည်။ တစ်ဖက်၌ မိခင်ရှိ၍ တခြားတစ်ဖက်၌ သခင်ရှိရာ မည်သည့်ဘက်သို့ လိုက်ရမည်ဟု မဆုံးဖြတ်နိုင်သည့်လက္ခဏာဖြင့် အရှေ့ဘက်ကြည့်လိုက်၊ တောင်ဘက်ကြည့်လိုက်လုပ်နေရှာ၏။ ကျွန်ုပ်သည် သူ၏အကဲကို ကြည့်လိုသည်နှင့် အမည်ကိုမခေါ်ဘဲ ရပ်ကြည့်နေရာ ခွေးဝါမကလည်း ကျွန်ုပ်နည်းတူ ရပ်၍စောင့်နေ၏။ တစ်ခဏမျှကြာသော် ခွေးဝါမက ''အိ အိ အိ''ဟု ခေါ်လိုက်သဖြင့် ဘော်ဘီသည် ထိုင်ရာမှ ထလိုက်၏။ သို့သော် လိုက်၍မသွား။ ရပ်လျက်သာကြည့်နေ၏။ ကျွန်ုပ်ကမူ လိုက်ချင်လိုက်သွားပါစေဟု သဘောထားကာ မခေါ်ဘဲ အကဲကြည့်လျက်ရှိ၏။ ဘော်ဘီသည် ကျွန်ုပ်ဘက်သို့ လှည့်ကြည့်လိုက်၏။ ကျွန်ုပ်ကမူ ဘာမျှအသံမပေးဘဲ ရပ်လျက်သာကြည့်နေ၏။ ဤသို့ဖြင့် ဘော်ဘီသည် မိခင်ကို တစ်လှည့်၊ ကျွန်ုပ်ကို တစ်လှည့်ကြည့်ကာ မဆုံးဖြတ်နိုင်ဘဲ တွေလျက်ရှိစဉ် ခွေးဝါမသည် ကြာသည်ဟု အောက်မေ့သည့်လက္ခဏာဖြင့် အရှေ့အရပ်သို့ ဆက်လက်ထွက်သွားလေရာ ဘော်ဘီသည် မျက်စိတစ်ဆုံးမျှော်ကြည့်နေပြီးနောက် ကျွန်ုပ်ဘက်သို့ တဖြည်းဖြည်း လျှောက်လာလေ၏။

### လက်လွန်မိမတတ်

ကျွန်ုပ်သည် သွားလိုသောအိမ်သို့ ဆက်လက်၍ လျှောက်လာခဲ့ရာ ဘော်ဘီလည်း လိုက်ပါလာ၏။ လမ်းတွင် (မိုးရွာသောကြောင့်) ရွှံ့ဗွက်အိုင်များ ရှိသည်နှင့် ဘော်ဘီသည် ယင်းတို့ကို ကျွန်ုပ်ကဲ့သို့ ရှောင်ကွင်းမသွားဘဲ ဖြတ်ဆင်းသွားသည့်အတွက်ကြောင့် တစ်ကိုယ်လုံး ရွှံ့တွေ ပေကျံလျက်ရှိ၏။ ဘော်ဘီ၏ဝါသနာမှာ ဩဇ္ဇသည်အဖြစ်နှင့် အိမ်တစ်အိမ်၌ ကျွန်ုပ်ဝင်၍ ထိုင်သည့်အခါတိုင်း ကျွန်ုပ်၏ ရင်ခွင်ထဲသို့ ဝင်၍ထိုင်လေ့ရှိ၏။ ဤအကြောင်းကို ကျွန်ုပ်သိသည်နှင့် သူ၏ပေကျံသော ခြေလက်များကို ရေနှင့် ဆေးကြောပေးမည်ဟုခေါ်ယူရာ အနီးသို့ မကပ်ဘဲရှောင်နေ၏။ ကျွန်ုပ်က အတင်းဖမ်းမည်ပြုသောအခါ ကျွန်ုပ်၏လက်ကို ကိုက်လိုက်၏။ ဤတွင် ကျွန်ုပ်ဒေါသထွက်၍ တုတ်ကောက်ဖြင့် ခါးကို တစ်ချက် ခပ်ဆဆရိုက်လိုက်ရာ (အကြောကို ထိသွားလေသလောမပြောတတ်။) ခါးကျိုးသကဲ့သို့ ချက်ချင်းပျော့ခွေကျသွားပြီး ပုံလဲလျက်ရှိ၏။ ကျွန်ုပ်က ပွေ့ချီ၍ယူသွားရန် ကိုင်တွယ်ပါတော့လည်း လုံးဝအကိုင်မခံဘဲ ကျွန်ုပ်၏လက်ကို ဆီး၍ ကိုက်၏။ ခက်ချေပြီ။ ဤအတောအတွင်း ဘော်ဘီသည် တဂိန်ဂိန်မြည်လျက်ရှိရာ ကျွန်ုပ်က နည်းမျိုးစုံဖြင့် ချော့သော်လည်း လုံးဝအထိမခံချေ။ ကျွန်ုပ်သည် မည်သို့မျှမတတ်နိုင်ဘဲ အလွန်သနားသောစိတ်ဖြင့် ကြည့်နေရာ အကြံတစ်ခုဖြစ်ပေါ်လာ၏။ ဘော်ဘီကား ခါးကျိုးသွားပြီဖြစ်၍ တစ်သက်ပတ်လုံး ခွေးကျိုးလေးဖြစ်နေရှာတော့မည်။ (မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ) ဤကိစ္စမျိုးတွင် ကျွန်ုပ်မှာ သားသမီးဖြစ်စေ၊ မိဘဖြစ်စေ၊ မယားဖြစ်စေ မခံမရပ်နိုင်သောဝေဒနာခံစားရ၍ ကုမရဟုဆိုလျှင် အဆိပ်ပေးပါဟု တောင်းပါက ကျွန်ုပ်၌ အဆိပ်ရှိလျှင် ပေးလိမ့်မည်ဖြစ်၏။



**ဆက်လက်ဖော်ပြပါမည်။**

---

# ကသာမြို့၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြပွဲအခမ်းအနားကျင်းပ

ကသာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း သရုပ်ပြပွဲအခမ်းအနားကို ဩဂုတ်လ ၇ ရက်က ကသာမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရေးဦးစွာ ကသာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက ငလျင်ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရမည့်အချက်များကို ပြောကြားသည်။

ထို့နောက် ကသာမြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ခံဦးဇော်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပူးပေါင်း၍ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်သရုပ်ပြခြင်း၊ အထပ်မြင့်တွင် ပိတ်မိနေသော လူနာများအား ထွင်းဖောက်ဝင်ရောက်၍ ကယ်ဆယ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသည်။ ယင်းနောက် ကယ်ဆယ်ရရှိသည့် လူနာများအား မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှ ရှေးဦးသူနာပြုစုခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို သရုပ်ပြကြသည်။

ထိုသို့ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ လက်တွေ့သရုပ်ပြခြင်းအခမ်းအနားသို့ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**ကျော်စွာထွန်း**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေသည် အဘ ဦးကြီးမောင်၊ အမိ ဒေါ်ကြည်တို့မှ မန္တလေးမြို့၌ ၁၉၅၁ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်းအမှတ်စဉ် (၁၅)သို့ တက်ရောက်၍ ၁၉၇၃ ခုနှစ်တွင် ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့နောက် တာဝန်ကျရာတပ်ဌာနချုပ်အသီးသီးတွင် ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်တွင် တပ်မမှူးတာဝန်နှင့် စစ်ဦးစီးဗိုလ်မှူးချုပ်တာဝန်အား တွဲဖက်၍လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင်တိုင်းမှူးအဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်တာဝန်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတာဝန်အားတွဲဖက်၍လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ အမှတ်(၅)စစ်ဆင်ရေးအထူးအဖွဲ့မှူးအဖြစ်လည်းကောင်း အဆင့်ဆင့်တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ပထမလွှတ်တော်သက်တမ်းကာလတွင်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်တာဝန်ကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၁ ခုနှစ်အထိ ဒုတိယလွှတ်တော်သက်တမ်းကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ(၁)တာဝန်ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာထားသည့်ကာလမှ ကွယ်လွန်ချိန်အထိ ယာယီသမ္မတတာဝန်ကိုလည်းကောင်း ထမ်းဆောင်နိုင်ခဲ့သည်။ ထိုသို့ တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ကိုယ်ကျိုးမဖက် နေ့မအားညမအား စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းဆောင်ခဲ့သည့်အတွက် နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည်သူ့စစ်တိုက်ပွဲဝင်တံဆိပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတံဆိပ်၊ မိုင်းယန်း/မဲသဝေါတံဆိပ်၊ စစ်မှုထမ်းကောင်းတံဆိပ်၊ သင်္ဂဟတံဆိပ်၊ သရေစည်သူဘွဲ့၊ သတိုးသီရိသုဓမ္မဘွဲ့၊ သတိုးမဟာသရေစည်သူဘွဲ့များကို ထိုက်တန်စွာချီးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းအပြင် အစိုးရအဆက်ဆက် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် မြောက်မြားစွာသော ကော်မတီအရပ်ရပ်တွင်လည်း ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့သူဖြစ်သည်။



ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သက်ငွေ၊ သမီး ဒေါ်ခင်သက်ထားဆွေနှင့် သား ဗိုလ်ကြီးကျော်ဘုန်းမြင့်(ငြိမ်း)တို့ ကျန်ရစ်ခဲ့သည်။ ယာယီသမ္မတ ဦးမြင့်ဆွေ၏ ရုပ်ကလာပ်အား ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်ရုပ်ကလာပ်အခမ်းအနားဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(၁၀၀)

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဂျူဒိုနှင့်ပီတန်းအားကစားအဖွဲ့များလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကြည့်ရှုအားပေး



**နေပြည်တော် ဩဂုတ် ၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်၌ ဂျူဒိုနှင့် ပီတန်းအားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းအပြည့်နှင့် အားကစားသမား အင်အားပြည့်ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ ဂျူဒိုလေ့ကျင့်ရေးခန်းမ၌ ဂျူဒိုနှင့် ဂျူဂျစ်ဆု အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပီတန်းအားကစားသမားများ၏ ပြိုင်ပွဲပုံစံလေ့ကျင့်ယှဉ်ပြိုင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး အားကစားသမားများနှင့် တွေ့ဆုံကာ အုပ်ချုပ်သူ၊ နည်းပြများအနေဖြင့် မိမိအားကစားသမားများ၏ အခြေအနေကို လေ့လာသုံးသပ်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ပြုပြင်သင်ကြားလေ့ကျင့်ပေးသွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) စားရိပ်သာ၌အားကစားသမားများနေ့လယ်စာစားသုံးနေမှုကိုကြည့်ရှုစစ်ဆေးပြီး အားကစားဆေးဘက်ဆိုင်ရာဆရာဝန်၏ Sports Nutrition နှင့်အညီ တွက်ချက်ထားသည့် အားကစားသမားတစ်ဦး တစ်နေ့တာလိုအပ်သည့် ကယ်လိုရီပမာဏအတိုင်း အာဟာရသင့်တင့်မျှတစွာ ကျွေးမွေးနိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။

**မြဝတီ**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဝန်ထမ်းသား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ဝန်ထမ်းသား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၅၅) မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မြင့်နိုင်၊ ဒေါက်တာလင်းအောင်နှင့် ဦးသက်ထွန်းအောင်၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် ဆုရကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဂုဏ်ပြုစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ၅ ဘာသာဂုဏ်ထူး၊ ၄ ဘာသာဂုဏ်ထူးနှင့် ၁ ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သူများထံ ဂုဏ်ပြုဆုများကိုလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရိုးရိုးအောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြပြီး တက်ရောက်လာသူများအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**မြဝတီ**




# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# တပ်ကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၈

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများနှင့်အတူယနေ့ နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီး၊ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများက ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် One Stop Service ဖြင့် ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားရရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် တစ်ပါတည်းဆောင်ရွက်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်ကုန်းမြို့နယ် ဦးစီးမှူးရုံးဝင်းအတွင်းရှိ Container House၌ မြို့နယ်ရုံးဝန်ထမ်းများနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ တာဝန်ရှိသူများစုပေါင်း၍ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေးအတွက် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် စာရင်းအချက်အလက်များ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် မြို့နယ်ရုံးခန်းများအတွင်း ရုံးစာရွက်စာတမ်းများနှင့် ရုံးသုံးပစ္စည်းများထိန်းသိမ်းထားရှိမှုနှင့် မှတ်တမ်းခန်းအတွင်း ကိုယ်ရေးမှတ်တမ်းများ စနစ်တကျထိန်းသိမ်းထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆိုပါရုံးခန်းမ၌ မြို့နယ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ စာရွက်စာတမ်းများနှင့် ရုံးပစ္စည်းများ၊ e-ID ဆိုင်ရာစက်ပစ္စည်းကိရိယာများ လုံခြုံမှုရှိစေရေးစစ်ဆေးကြပ်မတ်ထိန်းသိမ်းဆောင်ရွက်ရန်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီးသွားသူများနှင့် အသက်ပြည့်မီသူများအား ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရန်၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုးကိုင်ဆောင်မဲပေးနိုင်ရန်နှင့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်စေရေးလုပ်ငန်းများ၌ ဆက်စပ်ဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်တို့ကိုမှာကြား၍ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ဆန်အိတ်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ


# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၈

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ဆရာဝန်၊ သူနာပြုများအား ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်



တောင်ငူ ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ်လ ၈ ရက် မွန်းလွဲပိုင်းတွင် တောင်ငူခရိုင်အတွင်း ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် ရေတာရှည်မြို့နယ် ရွှေပြည်အေးကျေးရွာ၌ ဦးဉာဏ်ဝင်း၏ တန် ၁၀၀ ကျ ပျော့ဖတ်စက်ရုံနှင့် စက္ကူအဖြူစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်အမှတ်(၁၇၄/၄) မှ (၁၇၄/၆)ကြား ပျက်စီးနေသည့် လမ်းပိုင်း ပေ ၆၀၀ အား ၄၈ ပေအကျယ်၊ ၁ ပေအမြင့် လမ်းအဆင့်မြှင့်တင်ကွန်ကရစ်ခင်းနေမှုကို ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရေတာရှည်မြို့နယ်ကြံသန္တယ်ကျေးရွာရှိ ဦးသောင်းဝင်းထွန်း၏ ရွှေပြည်သစ်နှင့် ဟိန်းအမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် မုန့်ဖတ်ခြောက်လုပ်ငန်းနှင့် တောင်နန်ချွန်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးထွန်းထွန်းဝင်း၏ဥစားကြက်ကောင်ရေ ၂၀၀၀၀ မွေးမြူထားရှိမှုနှင့်ကြက်စာစပ်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ကေတုမတီမြို့သစ် သဝန်ငယ်ရပ်ကွက်ရှိ ဦးဉာဏ်ဝင်း၏ စွန့်ပစ်စက္ကူအဟောင်းများဖြင့် တစ်ရက်တန် ၆၀ ကျ ပါကင်စက္ကူထုတ်လုပ်ရေးစက်ရုံသို့ သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းပွဲကျင်းပ

ခမောက်ကြီး ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်လ ၇ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတက်ရောက်လာကြသူများက တိလောကရုံကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ ခမောက်ကြီးမြို့ တိလောကရုံကျောင်းတိုက်ဆရာတော်နှင့် ပင့်သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ တာဝန်ခံကျောင်းအုပ်ဆရာမ ဒေါ်ကြည်မာဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များတက်ရောက်ကြောင်း သိရသည်။

(၄၁၂)

# ကျေးရွာစွန့်ပစ်အမှိုက်အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများ ကွင်းဆင်းကြည့်ရှု

ရွှေတောင် ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဝါးလည်ခေတ်မီစံပြကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာများ သန့်ရှင်းသာယာလှပစေရန်၊ အဖွဲ့အစည်းနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်တတ်စေရန် စသည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ ကျေးရွာစွန့်ပစ်အမှိုက်အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေများကို ဩဂုတ်လ ၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုသည်။

ရှေးဦးစွာ ရွှေတောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဦးခင်ဇော်နှင့် ဝန်ထမ်းများက ဝါးလည်ခေတ်မီစံပြကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံပြီး ကျေးရွာစွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် အပတ်စဉ်အလိုက် အမှိုက်ကင်းစင်ရေးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိနှင့် ဝန်ထမ်းများဦးဆောင်၍ ကျေးရွာအဝင်ရှိ ချုံနွယ်သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ မြက်ပင်များရှင်းလင်းခြင်းနှင့်ကျေးရွာတွင်းရှိစွန့်ပစ်အမှိုက်များ စုပေါင်းကောက်ယူခြင်းများကိုဆောင်ရွက်ပြီး သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်နေရာများ၌ စနစ်တကျစွန့်ပစ်ကြကြောင်း သိရသည်။

မောင်ခိုင်

# တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုပေးအပ်



ကလော ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု ပေါပဲကျေးရွာ မူလတန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ Grade-12 အောင်မြင်သည့် ပေါပဲကျေးရွာမှ ကျောင်းသား၊ ကျောင်းသူ ခုနစ်ဦးအား ပေါပဲကျေးရွာရန်ပုံငွေရှာဖွေရေးနှင့်ထိန်းသိမ်းရေးကော်မတီမှ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ကျေးရွာရန်ပုံငွေရှာဖွေရေးနှင့်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးချိုလေးနှင့်တာဝန်ရှိသူတစ်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူတစ်ဦးစီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဆုငွေကျပ် ၆၀၀၀၀ ပေးအပ်ကြောင်း သိရသည်။

မောင်ယုလွင်(ဟဲဟိုး)

# မကျီးပင်ကျေးရွာနှင့်ရှောက်ကုန်းကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲများကျင်းပ



နေပြည်တော် ဩဂုတ် ၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၌ “ရောင်ခြည်ဦး” စာကြည့်တိုက်ဖွင့်ပွဲနှင့် ရှောက်ကုန်းကျေးရွာ၌ “မျိုးဆက်သစ်" စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၈ ရက်တွင် အဆိုပါစာကြည့်တိုက်များရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ မကျီးပင်ကျေးရွာ၌ “ရောင်ခြည်ဦး” စာကြည့်တိုက်၊ ရှောက်ကုန်းကျေးရွာ၌ “မျိုးဆက်သစ်” စာကြည့်တိုက်အဆောက်အအုံသစ်တို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာခင်မောင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်မှူးများနှင့် သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများအား စာကြည့်တိုက်ဆိုင်ရာအချက်အလက်များပေးအပ်ကာ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် စာကြည့်တိုက်များအတွင်း ကျောင်းသားလူငယ်လူရွယ်များ၊ ဒေသခံပြည်သူများ စာပေဖတ်ရှုလေ့လာနေမှုနှင့်စာအုပ်စာစောင်ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးကြောင်းသိရသည်။ (၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ် ၉-၈-၂၀၂၅(စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၃၅ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၃။ ၀၉:၂၀ လူတိုင်းကျန်းမာ သိမှတ်စရာ
၄။ ၁၀:၁၀ နိုင်ငံတကာသတင်း
၅။ ၁၁:၂၀ ပြည်သူ့ကြားက ပြည်သူ့စကား
၆။ ၁၅:၀၀ ဇာတ်လမ်းတို
၇။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၃)**

## MWD Variety Channel ၉-၈-၂၀၂၅(စနေနေ့)

၁။ ၀၉:၂၅ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀:၅၅ knowledge For Everyone
၃။ ၁၁:၄၀ မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင်
၄။ ၁၄:၂၅ သိလိုသမျှကျန်းမာရေးကဏ္ဍ
၅။ ၁၇:၄၅ စကားလက်ဆုံ

# ပီလောပီနံနှင့် ကျန်းမာရေးအကျိုးကျေးဇူးများ



ပီလောပီနံကို လူသုံးကုန်ပစ္စည်းမျိုးစုံ၊ စားသောက်ကုန်(အမှုန့်)နှင့် အဖျော်ယမကာတို့တွင် ထည့်သွင်းအသုံးပြုကြသည်။ မြန်မာနိုင်ငံ၌ အများအားဖြင့် ပီလောပီနံဥကိုပြုတ်၍ ဆီ၊ ဆားတို့နှင့်တို့ကာ သရေစာအဖြစ်စားသုံးကြပြီး ပီလောပီနံဥကြော်နှင့် ပီလောပီနံဥပေါင်းအဖြစ်လည်း စားသုံးကြသည်။

ပီလောပီနံမှ ကျန်းမာရေးအကျိုးအာနိသင်များရရှိစေရန် ပီလောပီနံဥကို လုံလောက်စွာကျက်သည်အထိ အချိန်ကြာကြာပြုတ်ပြီးမှသာ စားသုံးသင့်သည်။ ပီလောပီနံဥစားပြီးနောက် အချိန်လေးနာရီအကြာတွင် မူးဝေခြင်း၊ အော့အန်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပွားခြင်းသည် ပီလောပီနံဥတောက်သော လက္ခဏာများဖြစ်သည်။

ပီလောပီနံဥစားသုံးရာတွင် အဆိပ်အတောက်များလျော့ပါးစေရန် ပီလောပီနံဥကို ရေနှင့်ပွက်ပွက်ဆူအောင် ၁၀ မိနစ်ခန့်ပြုတ်လိုက်ပါက ယင်းတွင်ပါဝင်သော Glucoside အဆိပ်များ ၅၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်သည်။

**ပီလောပီနံရွက်နှင့်**
**အာဟာရဓာတ်ပါဝင်မှုများ**

ပီလောပီနံပင်မှ ပီလောပီနံဥကိုသာ စားသုံးနိုင်ခြင်းမဟုတ်ဘဲ ပီလောပီနံအရွက်ကိုလည်းစား၍ရပြီး ကျန်းမာရေးအတွက် အကျိုးသက်ရောက်မှုများစွာပေးစွမ်းနိုင်သည်။

ပီလောပီနံရွက်တွင် ပြည့်ဝဆီ(Saturated Fat) ပါဝင်မှုနည်းသကဲ့သို့ အကျိုးမပြုကိုလက်စထရောနှင့် ဆိုဒီယမ်ပါဝင်မှုလည်းနည်းသည်။ အမျှင်ဓာတ်နှင့် ကာဗိုဟိုက်ဒရိတ် ကြွယ်ဝစွာပါဝင်သကဲ့သို့ အကျိုးပြုကိုလက်စထရောနှင့် ပရိုတင်းတို့လည်းပါဝင်သည်။ တခြားအာဟာရဓာတ်များအနေဖြင့် ဗီတာမင်-B အုပ်စု၊ ဖောလိတ်၊ ဗီတာမင်-B6၊ သံဓာတ်၊ မဂ္ဂနိစ်၊ ကယ်လ်စီယမ်၊ ကော့ပါး၊ ဆီလီနီယမ်တို့ပါဝင်သည်။

**စား၍ရသော ပီလောပီနံရွက်နှင့်**
**ကျန်းမာရေးအာနိသင်များ**

ပီလောပီနံရွက်အနုများကို အသားဟင်းထဲထည့်ချက်၍ရသကဲ့သို့ အရွက်ကိုကြော်စားခြင်း၊ ဟင်းရည်ပြုလုပ်၍သောက်ခြင်းနှင့်ပြုတ်တို့ခြင်းများပြုလုပ်နိုင်သည်။ ကယ်လိုရီပါဝင်မှုနည်းသော ပီလောပီနံရွက်သည် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ အဆစ်ရောင်နာ၊ ခံတွင်းအနာများကို သက်သာစေနိုင်သကဲ့သို့ သက်လုံကောင်းစေရန်လည်း ထောက်ကူပေးနိုင်သည်။ သံဓာတ်ကြွယ်ဝစွာပါဝင်ခြင်းကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် သွေးအားနည်းခြင်းမဖြစ်ရန် ကာကွယ်ပေးပြီး ဖောလိတ်နှင့် ဗီတာမင်- C ကြွယ်ဝစွာပါဝင်မှုကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် ကိုယ်ခံအားကောင်းစေသည်။

> **"ပီလောပီနံရွက်အနုများကို အသားဟင်းထဲထည့်ချက်၍ရသကဲ့သို့ အရွက်ကိုကြော်စားခြင်း၊ ဟင်းရည်ပြုလုပ်၍သောက်ခြင်းနှင့် ပြုတ်တို့ခြင်းများပြုလုပ်နိုင်သည်။ ကယ်လိုရီပါဝင်မှုနည်းသော ပီလောပီနံရွက်သည် အစာခြေစနစ်ကိုကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အအေးမိခြင်း၊ အဆစ်ရောင်နာ၊ ခံတွင်းအနာများကို သက်သာစေနိုင်သကဲ့သို့ သက်လုံကောင်းစေရန်လည်း ထောက်ကူပေးနိုင်သည်. . ."**

ပီလောပီနံရွက်တွင် Lysine Protein ပါဝင်ခြင်းကြောင့် ကိုယ်ဝန်ဆောင်ချိန် ဗီတာမင်ချို့တဲ့မှုမဖြစ်စေရန် ကာကွယ်ပေးသည်။ ပီလောပီနံရွက်သည် အဖျားကျစေပြီး ခေါင်းကိုက်သက်သာစေခြင်း၊ အစာခြေစနစ်ကိုကောင်းမွန်စေပြီး အစာခြေစနစ်ကိုထိခိုက်စေသည့် ပိုးများကို ဖယ်ရှားပေးခြင်း၊ ဝမ်းပျက်၊ ဝမ်းလျှောခြင်းကိုသက်သာစေပြီး ဝမ်းမှန်စေခြင်း၊ ခံတွင်းမြိန်စေပြီး အစာစားချင်စိတ်ဖြစ်စေရန် လုပ်ဆောင်ပေးခြင်း၊ အဆစ်ရောင်ခြင်း၊ အဆစ်နာကျင်ကိုက်ခဲခြင်းတို့ကိုသက်သာစေခြင်း၊ သဘာဝသန်ကျဆေးတစ်မျိုးဖြစ်သည့် ပီလောပီနံရွက်က သန်ကျစေရန်ထောက်ကူပေးနိုင်ပြီး အစာခြေစနစ်အတွင်းမှ ကပ်ပါးပိုးများကို ဖယ်ရှားပေးနိုင်ခြင်း၊ အနာကျက်မြန်စေခြင်း စသည့်ကျန်းမာရေးအကျိုးကျေးဇူးများရရှိနိုင်သကဲ့သို့ ပရိုတင်း၊ ဗီတာ မင်- C နှင့် သံဓာတ်တို့ပါဝင်ခြင်းကြောင့် ကိုယ်ခံအားကောင်းစေရန် ထောက်ကူ ပေးနိုင်သည်။ ပီလောပီနံသည် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိသော်လည်း အလွန်အကျွံစားသုံးပါက ဆိုးကျိုးများလည်း ရှိနိုင်သည်။

**သတိထားစားရမည့် ပီလောပီနံရွက်**

ပီလောပီနံရွက်ကို စားသုံးမည်ဆိုပါက ရေစင်အောင်ဆေးကြောရန်နှင့် သေချာစွာ ကျက်အောင်ချက်ပြုတ်ရန်လိုအပ်သည်။ အဆိပ်အတောက်မဖြစ်စေရန် အစိမ်းစားခြင်းနှင့် အလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။ ရောဂါအခံရှိသူများ၊ ဓာတ်မတည့်မှုဖြစ်တတ်သူများ၊ ကျန်းမာရေးပြဿနာတစ်ရပ်ရပ်ကြောင့် ဆေးသောက်နေရသူများအနေဖြင့် ဆရာဝန်၏ခွင့်ပြုချက်ရမှသာ စားသုံးသင့်သည်။

**ပီလောပီနံအစာအဆိပ်သင့်ခြင်း**

ပီလောပီနံပင်၏အမြစ်တွင် အဆိပ်သင့်စေသော ဆိုင်ယာနိုက်(Cyanide) ဓာတ်တစ်မျိုးပါဝင်သောကြောင့် အစာအဆိပ်သင့်ခြင်းလည်းဖြစ်နိုင်သည်။ အစာအဆိပ်သင့်ခြင်းသည် အသက်အန္တရာယ်ရှိပြီး ဆိုင်ယာနိုက်အဆိပ်သင့် လက္ခဏာများဖြစ်သည့် နှုတ်ခမ်းများပြာလာခြင်း၊ အသက်ရှူကျပ်ခြင်း၊ ပျို့အန်ခြင်း၊ သတိလစ်ခြင်းနှင့် အခန့်မသင့်ပါက အသက်သေဆုံးခြင်းတို့အထိ ဖြစ်နိုင်သည်။ ထို့ကြောင့် ပီလောပီနံအစာအဆိပ်သင့်သောလက္ခဏာများဖြစ်ပေါ်လာပါက ဆေးရုံသို့ အမြန်ဆုံးသွားရောက်သင့်သည်။

ပီလောပီနံသည် တခြားသီးနှံများ စိုက်ပျိုး၍မရသော မြေအမျိုးအစားတွင်လည်း စိုက်ပျိုးနိုင်သည်။ ပီလောပီနံကို စိုက်ပျိုးချိန်မှစ၍ သိုလှောင်သိမ်းဆည်းသည့်အချိန်ထိ လုပ်ဆောင်ရမည့်လုပ်ငန်းများကို အချိန်ကိုက်လုပ်ဆောင်ခြင်းဖြင့် မျှော်မှန်းထားသည့် အထွက်နှုန်းနှင့် စံချိန်မီအရည်အသွေးကိုရရှိနိုင်မည်ဖြစ်သည်။ ကုန်ချောထုတ်လုပ်ပြီး ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများနှင့် အပင်၏အစိတ်အပိုင်းများကို မြေဆွေးပြုလုပ်၍ စိုက်ခင်းများအတွင်း ထည့်သွင်းခြင်း၊ မှိုစိုက်ပျိုးနိုင်ခြင်းနှင့် တိရစ္ဆာန်များအတွက် အစာအဖြစ် ကျွေးမွေးခြင်းတို့ပြုလုပ်နိုင်သည်။ ရောဂါနှင့် ပိုးမွှားဒဏ်ကိုအသင့်အတင့်ခံနိုင်၍ ဓာတုဆေးဝါးသုံးစွဲမှု အနည်းငယ်သာရှိသောကြောင့် ဓာတ်ကြွင်းအာနိသင်နည်းပြီး စိုက်ပျိုးသူများ၊ စားသုံးသူနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးသည်။

သို့ရာတွင် ပီလောပီနံဥများကို တူးဖော်ပြီး ၂၄ နာရီအတွင်း တခြားအဆင့်တစ်ခုသို့ ပြောင်းလဲပစ်ရန်လိုအပ်ပါသည်။ ပီလောပီနံဥများမှ ပီလောပီနံမှုန့်ထုတ်လုပ်ရာတွင် တူးဖော်ပြီး ၂၄ နာရီအတွင်း ထုတ်လုပ်နိုင်မှသာ အရည်အသွေးကောင်းမွန်နိုင်သည်။ ပီလောပီနံမှုန့်များကို အိတ်ခွံများအတွင်း ထည့်သွင်းသိမ်းဆည်း၍ အခန်းအပူချိန်တွင် နှစ်နှစ်အထိ သိုလှောင်နိုင်ပြီး ဈေးကွက်ပေါ်မူတည်၍ ရောင်းချနိုင်သည်။

အချုပ်အားဖြင့်ဆိုသော် ပီလောပီနံသည် ကျန်းမာရေးပိုင်းနှင့် စီးပွားရေးပိုင်းတွင် ကောင်းကျိုးများစွာရှိသကဲ့သို့ ကျန်းမာရေးပိုင်းတွင် ဆိုးကျိုးသက်ရောက်မှု အနည်းငယ်လည်းရှိသည်။ ပီလောပီနံကို သံပရာသီးအပါအဝင် အချဉ်ကဲသောအစားအစာများနှင့် တွဲဖက်စားသုံးမိပါက အော့အန်တတ်သည်။ သပြေသီးနှင့် ပီလောပီနံဥတွဲစားလျှင် အဆိပ်ဖြစ်စေတတ်ပြီး ဒန့်သလွန်သီးနှင့်ပီလောပီနံဥတွဲစားလျှင် တောက်တတ်သည်။ ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များ၊ ကလေးငယ်များ၊ ကျန်းမာရေးအခြေအနေတစ်ရပ်ရပ်ကြောင့် ဆေးအမြဲသောက်နေရသူများနှင့် ကျန်းမာရေးပြဿနာအခံရှိသူများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်၍ ဆရာဝန်ခွင့်ပြုချက်ရမှသာ စားသုံးသင့်သည်။ စားသုံးမည်ဆိုလျှင်လည်း အခွံကို သေချာစွာဖယ်ရှားပြီးမှ စားသုံးသင့်ကြောင်းနှင့် အလွန်အကျွံစားသုံးရန် မသင့်ကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

**ဒေါက်တာလပြည့်ခင်**

---

# အင်တောမြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်(အကြို)ဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပ



အင်တော သြဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် အင်တောမြို့ လူထုအခြေပြုဗဟိုဌာန၌ ၂၀၂၅ ခုနှစ် သြဂုတ်လ ၁၂ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် (အကြို)ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို သြဂုတ်လ ၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် အင်တောမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှထွေးက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောသည်။

ထို့နောက် စာစီစာကုံးပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးက လူငယ်နှင့်စည်းကမ်းခေါင်းစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ခိုင်(ပြန်/ဆက်)**

# ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၇ / ၂၀၂၅ )**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
( ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက် )

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပရပ်ကွက်၊ ကြာအင်းတောင်ပေါ်လမ်း၊ အိမ်အမှတ် [၉/၃၄(A)] တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**ကို ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၆၀) ဖြစ်ပါသည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ထိုင်းနိုင်ငံတွင် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- CI) ထုတ်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၈**

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံ၌ရှိသော မြန်မာအလုပ်သမားများကို ထိုင်းနိုင်ငံ၏အလုပ်သမားဥပဒေပါ ခံစားခွင့်များရရှိနိုင်စေရေး၊ အလုပ်လုပ်ကိုင်ခွင့်သက်တမ်း အပြည့်အဝရရှိစေရေးနှင့် အလုပ်သမားရေးရာကိစ္စရပ်များ ဖြစ်ပေါ်လာသည့်အချိန် လွယ်ကူလျင်မြန်စွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI ) ထုတ်ပေးရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံ စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီနှင့် ချင်းမိုင်တို့တွင် စခန်းလေးခုဖွင့်လှစ်ပြီး ၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ စခန်းများဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိရာတွင် ထိုင်းစံတော်ချိန် နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့်အပတ်စဉ် တနင်္လာနေ့နှင့်မြန်မာသံရုံး (ဗန်ကောက်မြို့)မှ သတ်မှတ်ထားသော ရုံးပိတ်ရက်များကို အလုပ်နားရက်အဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး





**နေပြည်တော် ဩဂုတ် ၈**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁) စုဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ဒုတိယဝန်ကြီး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်များနှင့်တာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်ဌာနကြီးမှူးများ၊ CPU အဖွဲ့ဝင်များနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က အဂတိလိုက်စားမှုသည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးနှင့်ဖြစ်ပေါ်နိုင်သည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရှောင်ကြဉ်ရန် အထူးလိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့(Corruption Prevention Unit– CPU) ကို ဖွဲ့စည်း၍ အဂတိလိုက်စားမှု လျော့နည်းပပျောက်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပြီး ယနေ့အခမ်းအနားသို့ တက်ရောက်လာသည့် အရာထမ်း၊ အမှုထမ်းများကလည်း မိမိတို့မှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းများသို့ ပြန်လည်မျှဝေပေးခြင်းဖြင့် အဂတိကင်းသောလူမှုပတ်ဝန်းကျင်ကို တည်ဆောက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍အသိပညာပေးခြင်း၊တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဆိုသည့် နည်းလမ်းသုံးသွယ်ဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်နိုင်ငံတစ်ဝန်းပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့်အတူလက်တွဲ၍ တွန်းလှန်တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကော်မရှင်မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားအပြီးတွင်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းခေါင်းဆောင်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU ) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၅ | ၃၀၁၀ | ၄၅၀၅ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| 95 Ron | ၂၉၉၅ | ၃၁၁၀ | ၃၀၇၅ | ၃၀၁၀ | ၃၁၁၅ | ၃၁၃၀ | ၃၁၅၀ | ၃၀၆၅ | ၄၅၆၀ | ၃၃၆၀ | ၃၀၈၅ | ၃၀၈၅ | ၃၁၅၅ | ၃၁၂၀ | ၃၁၄၀ | ၃၄၀၀ |
| HSD (500 ppm) | ၂၇၁၅ | ၂၈၂၅ | ၂၇၉၅ | ၂၇၃၀ | ၂၈၃၅ | ၂၈၅၀ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၈၀ | ၂၈၀၀ | ၂၈၀၅ | ၂၈၇၅ | ၂၈၄၀ | ၂၈၆၀ | ၃၁၁၅ |
| HSD (50 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | ၄၈၃၀ | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |
| HSD (10 ppm) | ၃၃၅၅ | ၃၄၆၅ | ၃၄၃၅ | ၃၃၇၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၅ | ၃၄၂၅ | - | ၃၇၂၀ | ၃၄၄၀ | ၃၄၄၅ | ၃၅၁၅ | ၃၄၈၀ | ၃၅၀၀ | ၃၇၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၃ | ၂၈၆၂ |
| 95 Ron | ၂၈၂၇ | ၂၉၁၇ |
| HSD (500 ppm) | ၂၅၅၃ | ၂၆၃၄ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

## ကလေးမြို့တွင် အခြေခံစာကြည့်တိုက်သင်တန်းဖွင့်ပွဲနှင့် တောင်သူများအား သွင်းအားစု(ယူရီးယားဓာတ်မြေသြဇာ) ပေးအပ်ပွဲအခမ်းအနားကျင်းပ

မုံရွာ ဩဂုတ် ၈

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိများသည် ယနေ့နံနက်ပိုင်းတွင် ကလေးမြို့ ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည့် အခြေခံစာကြည့်တိုက်သင်တန်း(၂/၂၀၂၅) ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းမှရရှိလာမည့်စာကြည့်တိုက်ပညာရပ်များကို ကြိုးစားသင်ယူကြရန်နှင့် လက်တွေ့အသုံးချကာ ပြည်သူများစာဖတ်သည့်အလေ့အကျင့်ရရှိလာအောင် ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အခြေခံစာကြည့်တိုက်သင်တန်းအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူးထံ ငွေကျပ် ၃၇၅၀၀၀ ကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အခြေခံစာကြည့်တိုက်သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကွန်ပျူတာသင်တန်းသင်ကြားနေမှုနှင့် စာကြည့်တိုက်အတွင်း ကလေးသူငယ်များ သုတ၊ ရသစာအုပ်စာစောင်များဖတ်ရှုလေ့လာနေမှု၊ ကလေးစာဖတ်ခန်းအတွင်းရှိ ကလေးများရုပ်ပုံဆက်နေမှုနှင့် ပြတိုက်ငယ်အတွင်း ခင်းကျင်းပြသထားသည့် ကလေးခရိုင်အတွင်းရှိ အထင်ကရနေရာများ၊ ဒေသခံတိုင်းရင်းသားများ၏အသုံးအဆောင်ပစ္စည်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကလေးမြို့ပေါ်ရှိအခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့တက်ရောက်ပြီး အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ မြို့နယ်၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးကာ ကျောင်းများရာနှုန်းပြည့်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းအပ်နှုန်းနှင့် အောင်ချက်ရာခိုင်နှုန်းမြင့်မားစေရေးမှာကြား၍ ကျောင်းသုံးဗလာစာအုပ်များ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကလေးမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် ကလေးခရိုင်အတွင်းစိုက်ပျိုးထားသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများအား သွင်းအားစု (ယူရီးယားဓာတ်မြေသြဇာ)များပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကျေးရွာ၀ါးရွာမှ ဒေသခံတောင်သူ ၃၀၀ ကျော်အတွက် ယူရီးယားဓာတ်မြေသြဇာများပေးအပ်ခဲ့ကြောင်းသိရသည်။

အေးသန္တာ

## အစေ့ထုတ်ပြောင်းမျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့်မျိုးထိန်းမျိုးပွားများခြင်းသင်တန်းဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၈

အစေ့ထုတ်ပြောင်းမျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့်မျိုးထိန်းမျိုးပွားများခြင်းသင်တန်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ယခုသင်တန်းတွင် မျိုးစေ့စတင်မစိုက်ပျိုးမီ မျိုးစေ့အရည်အသွေးအကဲဖြတ်သည်မှစ၍ ရိတ်သိမ်းပြီးချိန်၊ သိုလှောင်ချိန်၊ ဖြန့်ဖြူးချိန်အထိ မျိုးစေ့အရည်အသွေးထိန်းသိမ်းခြင်းကို စာတွေ့လက်တွေ့ သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှညွှန်ကြားရေးမှူးချုပ်များက အစေ့ထုတ်ပြောင်းမျိုး မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘမျိုးများ မျိုးသန့်မျိုးထိန်းမျိုးပွားများခြင်းလုပ်ငန်းစဉ်တွင်ပူးပေါင်းဆောင်ရွက်မည့်အခြေအနေ၊ ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများနှင့် ပြောင်းမျိုးများပူးပေါင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်တို့ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသောရေဝတီမျိုးစေ့ကုမ္ပဏီ၊ New Asia Hi- Tech Seed Co., Ltd.၊ Top Partner Co.,Ltd.၊ ဖွဲ့ထက်ဝေကုမ္ပဏီ၊ Aventine Limited Co. Ltd. (အာမိုကုမ္ပဏီ)၊ Shinno Company၊ Agro Yadanar Co., Ltd.၊ Myanmar Inno Farmers Co. Ltd. တို့မှ ဆွေးနွေးတင်ပြကြသည်။

သင်တန်းတွင် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပုဂ္ဂလိက မျိုးစေ့ထုတ်ကုမ္ပဏီများမှ သင်တန်းသား ၅၀ ဦး တက်ရောက်ကြပြီး ပြောင်းဖူးမျိုးကူးမွေးမြူခြင်းနည်းလမ်းများ၊ ပြောင်းမျိုးသစ်များရရှိရန် သုတေသနဆောင်ရွက်မှု၊ စိုက်ပျိုးနည်းစနစ်များနှင့် သက်တမ်းအလိုက်အပင်ပြုစုနည်းစနစ်များ၊ ပြောင်းမျိုးစေ့ထုတ်လုပ်ခြင်း၊ မိဘလိုင်းများ မျိုးသန့်မျိုးထိန်းမျိုးပွားများခြင်း၊ ပြောင်းဖူးသီးနှံတွင် ကျရောက်တတ်သော ပိုးမွှား၊ ရောဂါများ၊ မျိုးစေ့ဥပဒေနှင့် အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေဆိုင်ရာ သိကောင်းစရာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## တရားမဝင် သစ်မျိုးစုံ၊ ရေနံဓာတ်ငွေ့ရည်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဩဂုတ်လ ၄ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အ.ထ.က (၈)ကျောင်းအနီးရှိ "အောင်" ဂက်စ်အရောင်းဆိုင်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ရေနံဓာတ်ငွေ့ရည်(အရည်အပြည့်ပါ) ဆလင်ဒါ (၂၀)လုံး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၉၈၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဩဂုတ်လ ၆ ရက်**တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာအနီး၌ မော်တော်ယာဉ်(၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၃၃)မျိုး၊ လုပ်ငန်းသုံးပစ္စည်း(၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၆၄၀၈၅၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck (၂)စီး၊ Isuzu Giga Truck (၂)စီး၊ Mitsubishi Canter Truck (၁)စီး၊ Mitsubishi Fuso Truck (၁)စီး၊ စက်မှုဇုန်ထုတ် Myanmar Yangon Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ အုန်းတပင်ကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၃၆၄၀၈၅၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး)စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ရွှေဘိုမြို့သို့သွားရောက်မည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၃၇၇၆၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၃၇၇၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ ကျောက်စိမ်းဟုယူဆရသော လက်ကောက်(၄)ကွင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၇ ရက်**တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့်ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၂၄ ဒသမ ၆၀၃) တန်၊ သစ်မာ (သုည ဒသမ ၇၉၄)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၄၁၂၈၃၈၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် **ဩဂုတ်လ ၇ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၁၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၂၂)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ်လ ၄ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၆)မှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀၀၀၄၄၄၂)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ** သိရသည်။

မြဝတီ

## အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများအား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၈

(၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ်လ ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းနှင့် တီမောလက်စ်တေ အမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းတို့သည် ဩဂုတ်လ ၁၀ ရက် ညနေ ၄ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

## အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(D)ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၈

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ ယူ-၂၀ အမျိုးသမီးဘောလုံးပြိုင်ပွဲ၏အုပ်စု(D) ခြေစစ်ပွဲစဉ်အဖြစ် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် အိန္ဒိယအမျိုးသမီးဘောလုံးအသင်းတို့သည် ဩဂုတ်လ ၁၀ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Parliament Channel မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သူ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် ဩဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိဝန်ကြီးရုံးရှေ့ ယာယီခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက “ မြန်မာ့ကျောင်း” အဖွင့်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့” မှတ်တမ်းဗီဒီယိုကို ပြသသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသားလူငယ်များသည် အနာဂတ်တွင် တိုင်းပြည်အတွက် အရေးကြီးဆုံး အခန်းကဏ္ဍမှပါဝင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ထူးချွန်ထက်မြက်သည့် ပညာတတ်လူငယ်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း၊ မိမိဘဝအနာဂတ်လှပစေရန် ကိုယ့်ကိုယ်ကိုယ်ထိန်းကျောင်းပြီး မိမိမိသားစု၊ မိမိရပ်ရွာ၊ မိမိနိုင်ငံက ဂုဏ်ယူလေးစားတန်ဖိုးထားရသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မောင်ကောင်းခန့်ဂျွန်နှင့် မလင်းလင်းထက်တို့ကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် မောင်သော်ဇင်ထွန်းနှင့် မောင်မန်းဒေးလင်းပိုင်ကီးတို့ကိုလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးနှင့် တစ်ဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများအား နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းသားသမီးများမှ ရိုးရိုးအောင်မြင်သူ ၇၃ ဦး၊ ၁ ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ ၂ ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ ၃ ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ၄ ဘာသာဂုဏ်ထူးရှင်ငါးဦးနှင့် ၅ ဘာသာဂုဏ်ထူးရှင်သုံးဦးတို့ရှိခဲ့ပြီး ရိုးရိုးအောင်မြင်သူတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်း၊ ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ချီးမြှင့်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူများအတွက် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၁၀၆၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

နံနက်စောစောပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လျှော်ဒဏ် ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်ရန် ရုံးဧရိယာအတွင်း၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသော Container House များ၌နေထိုင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ်ပြည်ထောင်စုဝန်ကြီးက Container House များတွင် နေထိုင်သည့်ဝန်ထမ်းများအနေဖြင့် ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းကမ်းတကျနေထိုင်ကြရန်၊ ဝန်ထမ်းမိသားစုများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်ကြရန်၊ ယာယီနေထိုင်စဉ်ကာလအတွင်း ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေး ပူးပေါင်းဆောင်ရွက်ကြရန်၊ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသောက်နေထိုင်ကြရန်မှာကြားပြီး ဝန်ထမ်းမိသားစုဝင် ကလေးငယ်များအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် ဝန်ထမ်းနှင့်မိသားစုဝင်များ အခန်းအလိုက်နေထိုင်နေမှု၊ လျှပ်စစ်မီး၊ သောက်ရေသုံးရေအတွက် စနစ်တကျစီမံဆောင်ရွက်ပေးထားမှု၊ စားဖိုဆောင်များ စီစဉ်ဆောင်ရွက်ပေးထားမှု၊ ယာယီအဆောက်အအုံဧရိယာအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Yasumasa Kimura အား ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် UNICEF တို့အကြား လူမှုရေးမူဝါဒ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ပညာရေး(ရှေးဦးကာလလေ့လာသင်ယူမှု) လုပ်ငန်းအစီအစဉ်(Work Plan)များ လက်မှတ်ရေးထိုး၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနမှဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ၊ ဝန်ကြီးဌာနနှင့် UNICEF တို့အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။


တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာန ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ အရာထမ်းများနှင့် UNICEF ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အသစ်အဖြစ် ခန့်အပ်ခံရသူ Mr. Yusumasa Kimura အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ဝန်ကြီးဌာနနှင့် UNICEF အဖွဲ့တို့အကြား တိုးချဲ့ကာကွယ်ဆေးထိုးရေးလုပ်ငန်းများ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေးကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ UNICEF ရုံးမှ ကိုယ်စားလှယ်များနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးသည် ခုတင်-၁၀၀ နှင့်အထက် ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပွဲသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်က တိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ အထူးသဖြင့်တီဘီ၊ HIV ရောဂါကုသဆေးများကို နိုင်ငံတော်မှ နှစ်စဉ်ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ထုတ်အကုန်အကျခံဝယ်ယူပေးလျက်ရှိရာ လူနာများအနေဖြင့် ဆေးပြတ်လပ်မှုမရှိစေဘဲ ကုသမှုခံယူနိုင်မည်ဖြစ်ပြီး တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆေးရုံများကို ပြည်သူလူထုအားကိုးယုံကြည်မှု ပိုမိုရရှိလာစေရေး၊ ဆေးရုံများ ဥပဓိရုပ်ကောင်းမွန်ရေး၊ လူနာများ၊ လူနာမိသားစုများနှင့် ဆက်ဆံရေး ပိုမိုကောင်းမွန်စေရေးတို့ကိုလည်း ဆောင်ရွက်ပေးကြရန်၊ ကျန်းမာရေးအဆင့်အတန်းယခုထက်ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦဖြစ်စေရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်စေရေး ကျရာကဏ္ဍမှ တာဝန်ကျေပွန်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းနှင့် ညွှန်ကြားရေးမှူးချုပ်များက ကုသရေးလုပ်ငန်းများ တိုးတက်စေရေး အမှာစကားပြောကြားကြပြီး တက်ရောက်လာသည့် ဆေးရုံအုပ်ကြီးများ၊ အထူးကုဆရာဝန်ကြီးများက လုပ်ငန်းဆောင်ရွက်မှုနှင့်လိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

# ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၈

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ပဲခူးတိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒိုက်ဦး-ဥဿျှစ်ကုန်းလမ်းမှ ဗျက်ကလေး ကျေးရွာချင်းအဝင်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုနှင့် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဒိုးတန်းကျေးရွာနေတောင်သူ ဦးမောင်စိုး၏အောင်နိုင်တိုးအထွက်တိုးမျိုး၊ စံပြမိုးစပါးစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပဲခူးမြို့နယ် ပြည်တော်အေးကျေးရွာရှိ ဥဿာစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်သမဝါယမအသင်းသားတောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏လူမှုစီးပွားဘဝမြင့်မားလာစေရန်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရေး၊ သမဝါယမအသင်းများဖွဲ့စည်းပေးပြီး တောင်သူများအဓိကလိုအပ်သော မျိုးကောင်းမျိုးသန့်များရရှိရေး၊ သီးနှံများဈေးကွက်ရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး တောင်သူများ၏တင်ပြချက်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အသင်းပိုင်ငါးမွေးကန်များ၌ ငါးမြစ်ချင်းငါးမျိုးများ စိုက်ထည့်ပေးခဲ့ပြီး ဒေသကြက်မွေးမြူရေးခြံအား ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သနပ်ပင်မြို့နယ် ဖရဲကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ရေး စီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ရွှေငါးအစုအဖွဲ့၏ ငါးစည်ဖောင်းခြောက်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများ၏တင်ပြချက်များကိုပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အခြေခံစက်ချုပ်ပညာသင်တန်းဆင်းပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးထားသော စက်ချုပ်လုပ်ငန်းဆောင်ရွက်နေသူများ၏ စက်ချုပ်ဆိုင်လုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် အိမ်တိုင်ရာရောက် ရေမီတာတပ်ဆင်အသုံးပြုနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာရှိ Myanma Awba Bio Tech ကုမ္ပဏီလီမိတက်၏ Organic Compound Fertilizer စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး မွေးမြူရေးစွန့်ပစ်ပစ္စည်းများမှ သဘာဝမြေသြဇာထုတ်လုပ်မှုကို အားပေးဆောင်ရွက်လျက်ရှိပြီး ထွက်ရှိလာသောသဘာဝမြေသြဇာများကို တောင်သူအား ဈေးနှုန်းသက်သာစွာဖြင့်ရရှိနိုင်အောင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြား၍ စက်ရုံအတွင်း သဘာဝမြေသြဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ မြဝတီ

# နောင်ချိုမြို့နယ်၊ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ်လ ၂ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းပတ်ဝန်းကျင်ရှိ ချုံနွယ်များအား ရှင်းလင်းပေးစဉ်။


ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၁၀၁ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၄ ဦး၊ စုစုပေါင်း ၃၂ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။




နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

ထို့ပြင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နောင်ချိုမြို့၊ တောင်ရပ်ကွက်၊ နယ်မြေ(၃)၊ အမှတ်(၃)အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းဘေးဝဲ/ယာရှိ ချုံနွယ်ပေါင်းမြက်များအားခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ပေးခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။(၁၀၀)


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၀-၈-၂၀၂၅ ရက်နေ့မှ ၁၁-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၂-၈-၂၀၂၅ ရက်နေ့မှ ၁၃-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၈-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၄-၈-၂၀၂၅ ရက်နေ့မှ ၁၅-၈-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




◆ ကျောဖုံးမှအဆက်

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# အမိနိုင်ငံတော်အတွက် စာဖတ်ပါ

## ကျော်ကျော်သန်း(မဟာဝိဇ္ဇာ)

❖ ကျွန်ုပ်တို့အားလုံး အမြန်ဆုံး၊ အလွယ်ကူဆုံး အချိန်မရွေး၊ နေရာမရွေး၊ အခါမရွေး အသုံးပြုနိုင်သောနည်းလမ်းမှာ စာဖတ်ခြင်းနည်းလမ်းပင်ဖြစ်သည်။ ပညာရှိသူတော်ကောင်းများ ရေးသားထားသော စာအုပ်စာပေများကို အချိန်မရွေး၊ အခါမရွေး၊ နေရာမရွေး ကျွန်ုပ်တို့ဖတ်ရှုလေ့လာနိုင်သည်။

**နိုင်ငံသားတိုင်းအတွက် မှန်ကန်သောအသိတရား**

လူတိုင်းသည်ဘဝတစ်ခုကို တည်ဆောက်နေကြသည်။ ဤသို့တည်ဆောက်ရာတွင် အောင်မြင်သောဘဝမျိုးကို တည်ဆောက်ရန်လိုအပ်သည်။ အောင်မြင်သောဘဝမျိုးကို တည်ဆောက်နိုင်ရန်အတွက် လိုအပ်သောအရာတစ်ခုမှာ မှန်ကန်သောအသိတရားပင်ဖြစ်သည်။ မှန်ကန်သောအသိတရားဖြင့်တည်ဆောက်မှသာ အောင်မြင်သောဘဝမျိုးကို ပိုင်ဆိုင်ရမည်။ အကယ်၍ မှားယွင်းသောအသိတရားဖြင့်တည်ဆောက်ပါက ဆုတ်ယုတ်နိမ့်ကျသောဘဝမျိုးကိုသာပိုင်ဆိုင်ရမည်။ ဤသဘောအတိုင်းပင် နိုင်ငံသူ၊ နိုင်ငံသားများသည် နိုင်ငံကိုတည်ဆောက်နေကြသည်။ မှန်ကန်သော အသိတရားများဖြင့် တည်ဆောက်ပါက အောင်မြင်သောနိုင်ငံမျိုးကို ပိုင်ဆိုင်ရမည်။ အကယ်၍ မှားယွင်းသောအသိတရားများဖြင့်တည်ဆောက်ပါက ဆုတ်ယုတ်နိမ့်ကျနေသောနိုင်ငံမျိုးကိုပိုင်ဆိုင်ရမည်။ လူတစ်ဦး၏ဘဝအောင်မြင်နေသလော သို့မဟုတ် ဆုတ်ယုတ်နေသလောဆိုသည်ကိုကြည့်ပြီး ထိုသူ၏အသိတရားများ မှန်ကန်နေသလော သို့မဟုတ် မှားယွင်းနေသလောဆိုသည်ကိုခန့်မှန်းကြည့်ရှုနိုင်သည်။ ထို့အတူ နိုင်ငံတစ်နိုင်ငံအောင်မြင်နေသလော သို့မဟုတ် ဆုတ်ယုတ်နိမ့်ကျနေသလောဆိုသည်ကိုကြည့်ပြီး ထိုနိုင်ငံရှိလူမျိုးတို့၏အသိတရားများ မှန်ကန်မှုရှိနေသလော သို့မဟုတ် မှားယွင်းနေသလောဆိုသည်ကို ခန့်မှန်းသိရှိနိုင်သည်။

**မှန်ကန်သောအသိတရားဆိုသည်မှာ**

မှန်ကန်သောအသိတရားဆိုသည်မှာ ကျွန်ုပ်တို့အမိနိုင်ငံတွင် လူလာဖြစ်ရခြင်းမှာ အမိနိုင်ငံအတွက် ကောင်းကျိုးမှန်သမျှကို ဆောင်ရွက်ရန်နှင့် အနစ်နာခံပေးဆပ်မှုမှန်သမျှကိုဆောင်ရွက်ပေးရမည့် တာဝန်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ အမိနိုင်ငံသည် ကျွန်ုပ်တို့အမိနိုင်ငံသားများအတွက် အနစ်နာခံရန်မဟုတ်။ ကျွန်ုပ်တို့နိုင်ငံသားများကသာ အမိနိုင်ငံအတွက် အနစ်နာခံပေးဆပ်နေရမည်။ အမိနိုင်ငံတည်ငြိမ်အေးချမ်းလာစေရန်၊ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပနိုင်ငံသားတွင် တာဝန်မရှိ၊ မိမိတို့နိုင်ငံသားများတွင်သာ တာဝန်ရှိသည်။ ကျွန်ုပ်တို့နိုင်ငံသားများသည် အမိနိုင်ငံအပေါ် ရယူလိုသူများအဖြစ် ရပ်တည်နေရန်မဟုတ်။ ပေးဆပ်အနစ်နာခံလိုသူများအဖြစ် ရပ်တည်နေရမည်။ ဤအချက်များသည် မှန်ကန်သောအသိတရား၏ သဘောများဖြစ်ကြသည်။ ကျွန်ုပ်တို့အသိတရားများ မှန်ကန်နေမှသာ ကျွန်ုပ်တို့အားလုံးသည် အမိနိုင်ငံ၏ အားကိုးရသည့် အားများအဖြစ် ရပ်တည်နိုင်ကြမည်ဖြစ်သည်။

**မှန်ကန်သောအသိတရားနှင့် နိုင်ငံကြံ့ခိုင်မှု**

ကမ္ဘာပေါ်တွင် အင်အားကြံ့ခိုင်တောင့်တင်းသောနိုင်ငံများရှိသကဲ့သို့ အင်အားကြံ့ခိုင်တောင့်တင်းခြင်းမရှိသောနိုင်ငံများလည်းရှိသည်။ နိုင်ငံချင်းတူပါလျက်နှင့် ကြံ့ခိုင်မှုအားချင်း ခြားနားသွားရသည်မှာ နိုင်ငံ၏လူမျိုးတစ်မျိုးနှင့်တစ်မျိုး မှန်ကန်သောအသိတရားရှိပုံခြင်း မတူညီကြသောကြောင့်ဖြစ်သည်။ မှန်ကန်သောအသိတရားရှိသည့်လူမျိုးက အမြော်အမြင်ကြီးမားစွာ၊ စည်းလုံးညီညွတ်စွာ နေထိုင်သည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကာကွယ်စောင့်ရှောက်ကြသည်။ တစ်ဦး၏တိုးတက်ရာတိုးတက်ကြောင်းကို တစ်ဦးကကြိုးပမ်းဆောင်ရွက်ပေးသည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန် သစ္စာစောင့်သိကြသည်။ ထို့ကြောင့် နိုင်ငံသားအချင်းချင်း အပြန်အလှန်ယုံကြည်အားကိုးမှုများထားရှိလာကြပြီး စည်းလုံးညီညွတ်လာကြသည်။ နိုင်ငံသားများစည်းလုံးညီညွတ်လာခြင်းကြောင့် နိုင်ငံ၏အားကြံ့ခိုင်တောင့်တင်းလာသည်။ နိုင်ငံသားများ၏အသိတရားမှန်ကန်မှုရှိနေခြင်းကြောင့် ဤသို့နိုင်ငံ၏အားကြံ့ခိုင်တောင့်တင်းလာခြင်းဖြစ်သည်။ သို့သော် မှားယွင်းသောအသိတရားရှိသည့်သူများက အမြော်အမြင်နိမ့်ကျစွာ၊ စိတ်ဝမ်းကွဲပြားစွာနေထိုင်သည်။ တစ်ဦးကိုတစ်ဦး အပြန်အလှန်တိုက်ခိုက်ဖျက်ဆီးကြသည်။ တစ်ဦး၏ပျက်စီးရာပျက်စီးကြောင်းကို တစ်ဦးကကြံဆောင်ကြိုးပမ်းကြသည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သစ္စာဖောက်ဖျက်ကြသည်။ ထို့ကြောင့် နိုင်ငံသားအချင်းချင်း အပြန်အလှန်ယုံကြည်မှုကင်းမဲ့လာကြပြီး စည်းလုံးညီညွတ်မှုပြိုကွဲလာသည်။ နိုင်ငံသားများစည်းလုံးညီညွတ်မှုပြိုကွဲလာခြင်းကြောင့် နိုင်ငံ၏အားယုတ်လျော့ကျဆင်းလာသည်။ နိုင်ငံသားများ၏အသိတရားများ မှားယွင်းနေခြင်းကြောင့် ဤသို့နိုင်ငံ၏အားယုတ်လျော့ကျဆင်းလာရခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အား ကြံ့ခိုင်တောင့်တင်းနေမည်လော သို့မဟုတ် ယုတ်လျော့ကျဆင်းနေမည်လောဆိုသည်မှာ လူမျိုး၏အသိတရားများ မှန်ကန်နေသလော သို့မဟုတ် မှားယွင်းနေသလောဆိုသည့်အချက်ပေါ်တွင် များစွာမူတည်သည်။ ဤအချက်ကို နှလုံးသွင်းဆင်ခြင်ပြီး အမိနိုင်ငံတော်ကြီး၏အား ကြံ့ခိုင်တောင့်တင်းနေစေရန်အတွက် ကျွန်ုပ်တို့နိုင်ငံသားများ၏ အသိတရားမှန်ကန်နေရမည်။

**မှန်ကန်သောအသိတရားနှင့်နိုင်ငံဖွံ့ဖြိုးမှု**

ကမ္ဘာပေါ်တွင် အချို့သောနိုင်ငံများသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိနေကြပြီး အချို့သောနိုင်ငံများသည် ခေတ်နောက်ကျကျန်ရစ်ပြီး ဆုတ်ယုတ်နိမ့်ကျလျက်ရှိနေကြသည်။ နိုင်ငံချင်းတူပါလျက်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုချင်း ခြားနားနေရသည်မှာ နိုင်ငံ၏လူမျိုးတစ်မျိုးနှင့်တစ်မျိုး မှန်ကန်သောအသိတရားရှိပုံချင်း မတူညီကြသောကြောင့်ဖြစ်သည်။ မှန်ကန်သောအသိတရားရှိသည့်လူမျိုးက နိုင်ငံ၏အခြေအနေအရပ်ရပ်ကို ပိုမိုတိုးတက်မြင့်မားသည့်အခြေအနေကောင်းများအဖြစ်သို့ ရောက်ရှိအောင် တာဝန်သိစိတ်မြင့်မားစွာ ကြိုးပမ်းဆောင်ရွက်သည်။ နိုင်ငံတွင်ကြုံတွေ့နေရသောပြဿနာ၊ အခက်အခဲ၊ အန္တရာယ်များဖြေရှင်းရေးသည် မိမိနိုင်ငံသားများတွင်လည်း တာဝန်ရှိသည်ဟုခံယူပြီး နိုင်ငံတော်အစိုးရနှင့် တက်ကြွစွာပူးပေါင်းဖြေရှင်းသည်။ နိုင်ငံ၏ တော၊ တောင်၊ ရေ၊ မြေ၊ သယံဇာတအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ စနစ်တကျအသုံးချပြီး နိုင်ငံတွင်ဖြစ်ပေါ်နေသည့် ရှားပါးမှု၊ ပြတ်လပ်မှု၊ လိုအပ်မှုအမျိုးမျိုး ပြည့်ဝသွားအောင် ဖြည့်ဆည်းပေးသည်။ နိုင်ငံတော်၏ရည်မှန်းချက်ပန်းတိုင်၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းများသည် မိမိတို့နိုင်ငံသားများကောင်းကျိုးအတွက်ဖြစ်သည်ဟု အလေးအနက်ယုံကြည်ပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်သည်။ နိုင်ငံတော်ကို မိမိတို့အတ္တကောင်းကျိုးအတွက် အသုံးမချဘဲ နိုင်ငံတော်ကောင်းကျိုးအတွက် မိမိတို့၏ဘဝကို အသုံးချစတေးသည်။ ဤသို့မှန်ကန်သောအသိတရားများကြောင့် နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်။ သို့သော်မှားယွင်းသောအသိတရားရှိသည့်သူများကမူ နိုင်ငံ၏ကောင်းမွန်နေသောအခြေအနေအရပ်ရပ်ကို ဆုတ်ယုတ်ဆိုးဝါးသည့်အခြေအနေဆိုးများအဖြစ်သို့ရောက်ရှိအောင် စီမံဖန်တီးသည်။ နိုင်ငံကြုံတွေ့နေရသော ပြဿနာ၊ အခက်အခဲ၊ အန္တရာယ်များကို ပိုမိုဆိုးဝါးလာစေရန် ကောက်ကျစ်စဉ်းလဲစွာ ကြံစည်လုပ်ဆောင်သည်။ နိုင်ငံ၏ တော၊ တောင်၊ ရေ၊ မြေ သယံဇာတများကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့်တိုက်ခိုက်ဖျက်ဆီးပြီး နိုင်ငံတွင် ရှားပါးမှု၊ ပြတ်လပ်မှု၊ ကျပ်တည်းမှုအမျိုးမျိုးဖြစ်အောင် အရှက်အကြောက်ကင်းမဲ့စွာဆောင်ရွက်သည်။ နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ကဲ့ရဲ့ပြစ်တင်မှုအမျိုးမျိုးပြုလုပ်သည်။ နိုင်ငံကောင်းကျိုးအတွက် မိမိတို့ဘဝကိုပေးလှူခြင်းမပြုဘဲ မိမိတို့အတ္တကောင်းကျိုးအတွက် နိုင်ငံတော်ကို အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် အသုံးချစတေးသည်။ ဤသို့မှားယွင်းသောအသိတရားများကြောင့် နိုင်ငံခေတ်နောက်ကျပြီး ဆုတ်ယုတ်နိမ့်ကျလာရသည်။ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်သည်လော သို့မဟုတ် ခေတ်နောက်ကျပြီး ဆုတ်ယုတ်နိမ့်ကျနေမည်လော ဆိုသည်မှာ လူမျိုး၏အသိတရားမှန်ကန်မှုရှိနေသလော သို့မဟုတ် မှားယွင်းနေသလောဆိုသည့်အချက်ပေါ်တွင် များစွာမူတည်သည်။ ဤအချက်ကို နှလုံးသွင်းဆင်ခြင်ပြီး အမိနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်နေစေရန်အတွက် ကျွန်ုပ်တို့နိုင်ငံသားများ၏အသိတရားများ မှန်ကန်နေရမည်။

**မှန်ကန်သောအသိတရားနှင့် နိုင်ငံအရှိန်အဝါ**

ကမ္ဘာပေါ်တွင် အချို့သောနိုင်ငံများသည် အရှိန်အဝါကြီးမားစွာရပ်တည်နေကြပြီး အချို့သောနိုင်ငံများသည် အရှိန်အဝါနိမ့်ကျစွာ ရပ်တည်နေကြသည်။ နိုင်ငံချင်းတူပါလျက် မည်သည့်အတွက်ကြောင့် နိုင်ငံ၏အရှိန်အဝါချင်း ခြားနားနေရပါသနည်း။ အဖြေမှာ နိုင်ငံ၏လူမျိုးတစ်မျိုးနှင့်တစ်မျိုး မှန်ကန်သောအသိတရားရှိပုံချင်းခြားနားနေသောကြောင့်ဖြစ်သည်။ မှန်ကန်သော အသိတရားရှိသည့်လူမျိုးက နိုင်ငံ၏အနာဂတ်ရေးကိုမျှော်ကိုးပြီး အချင်းချင်း စည်းလုံးညီညွတ်စွာ နေထိုင်သည်။ ထို့ကြောင့် ပြည်တွင်းစည်းလုံးညီညွတ်မှုမြင့်မားသော နိုင်ငံအဖြစ် ကမ္ဘာ့အလယ်ရပ်တည်ရသည်။ ဆင်ခြင်တုံတရားကြီးမားစွာ နိုင်ငံအတွက် မည်သည့်အမှားမျိုးကိုမှ မကျူးလွန်ဘဲ တိုးတက်အောင်မြင်စေမည့် အမှန်တရားဟူသမျှကိုသာ ရွေးချယ်ဆောင်ရွက်သည်။ ထို့ကြောင့် အသိသတိကြီးမားပြီး အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားသည့် နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ အရှက်အကြောက်တရားနှစ်ပါးနှင့်အညီ ကျင့်ကြံနေထိုင်ပြီး မကောင်းမှုမှန်သမျှကိုရှောင်ရှားပြီး ကောင်းမှုမှန်သမျှကို ပြုမူဆောင်ရွက်သည်။ ထို့ကြောင့် ကိုယ်ကျင့်သီလမြင့်မားသောနိုင်ငံအဖြစ် လေးစားတန်ဖိုးထားခြင်းခံရသည်။ ပြည်ပနိုင်ငံများ၏သပ်လျှိုသွေးခွဲ စည်းရုံးမှုမှန်သမျှကို လုံးဝလက်မခံဘဲ နိုင်ငံတော်အပေါ်ကိုသာ သစ္စာစောင့်သိသည်။ ထို့ကြောင့် စိတ်ဓာတ်ကြံ့ခိုင်သောနိုင်ငံအဖြစ် ဂုဏ်သိက္ခာရှိစွာရပ်တည်ရသည်။ ဤသို့နိုင်ငံ၏အရှိန်အဝါကြီးမားလာရခြင်းမှာ နိုင်ငံသားများ၏ အသိတရားများ မှန်ကန်မှုရှိနေသောကြောင့်ဖြစ်သည်။ သို့သော် မှားယွင်းသောအသိတရားရှိသည့် လူမျိုးကမူ ဆင်ခြင်တုံတရားကင်းမဲ့စွာ၊ စိတ်ဝမ်းကွဲပြားစွာ နေထိုင်သည်။ ထို့ကြောင့် ပြည်တွင်းစည်းလုံးညီညွတ်မှုမရှိသောနိုင်ငံအဖြစ် ကမ္ဘာ့အလယ်ရပ်တည်ရသည်။ ဆင်ခြင်တုံတရားကင်းမဲ့စွာ၊ နိုင်ငံအတွက် အမှားဟူသမျှကို တက်ကြွစွာကျူးလွန်ပြီး အမှန်ဟူသမျှကိုလုံးဝမဆောင်ရွက်ဘဲနေသည်။ ထို့ကြောင့် အသိသတိကင်းလွတ်ပြီး အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိသည့်နိုင်ငံအဖြစ် အသိအမှတ်ပြုခြင်းခံရသည်။ အရှက်နှင့်အကြောက်တရားနှစ်ပါးကင်းမဲ့စွာကောင်းမှုမှန်သမျှကိုမဆောင်ရွက်ဘဲ မကောင်းမှုမှန်သမျှကိုသာ ရွေးချယ်ကျူးလွန်သည်။ ထို့ကြောင့် အရှက်အကြောက်တရားနှစ်ပါးကင်းမဲ့ပြီး ကိုယ်ကျင့်သီလနိမ့်ကျသောနိုင်ငံအဖြစ် ဝိုင်းဝန်းအထင်အမြင်သေးခြင်းကိုခံရသည်။ ပြည်ပနိုင်ငံများ၏ သပ်လျှိုသွေးခွဲစည်းရုံးမှုမှန်သမျှကို လွယ်လင့်တကူလက်ခံပြီး နိုင်ငံအပေါ်သစ္စာအမျိုးမျိုးဖောက်ဖျက်သည်။ ထို့ကြောင့် စိတ်ဓာတ်ညံ့ဖျင်းသောနိုင်ငံအဖြစ် နိုင်ငံတကာ၏အထင်အမြင်သေးခြင်းကိုခံရသည်။ ဤသို့နိုင်ငံ၏အရှိန်အဝါနိမ့်ကျနေရခြင်းမှာ နိုင်ငံသားများ၏အသိတရားများ မှားယွင်းနေသောကြောင့်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအရှိန်အဝါကြီးမားစွာ ရပ်တည်နေမည်လော သို့မဟုတ် အရှိန်အဝါနိမ့်ကျစွာ ရပ်တည်နေမည်လောဆိုသည်မှာ နိုင်ငံရှိလူမျိုးသည် မှန်ကန်သောအသိတရားများရှိနေသလော သို့မဟုတ် မှားယွင်းသောအသိတရားများရှိနေသလောဆိုသည့် အချက်ပေါ်တွင် များစွာမူတည်သည်။ ဤအချက်ကို အလေးအနက်ဆင်ခြင်ပြီး အမိနိုင်ငံတော်ကြီး၏ အရှိန်အဝါကြီးမားနေစေရန်အတွက် ကျွန်ုပ်တို့နိုင်ငံသားများ၏အသိတရားများမှန်ကန်နေရမည်။

**အသိတရားမှန်ကန်ရန် စာဖတ်ပါ**

ကျွန်ုပ်တို့၏အသိတရားများ အစဉ်မှန်ကန်မှုရှိနေစေရန် ကြိုးပမ်းဆောင်ရွက်နေရမည့်နည်းလမ်းများရှိသည်။ ယင်းနည်းလမ်းများထဲတွင် ကျွန်ုပ်တို့အားလုံး အမြန်ဆုံး၊ အလွယ်ကူဆုံး အချိန်မရွေး၊ နေရာမရွေး၊ အခါမရွေး အသုံးပြုနိုင်သောနည်းလမ်းမှာ စာဖတ်ခြင်းနည်းလမ်းပင်ဖြစ်သည်။ ပညာရှိသူတော်ကောင်းများ ရေးသားထားသော စာအုပ်စာပေများကို အချိန်မရွေး၊ အခါမရွေး၊ နေရာမရွေး ကျွန်ုပ်တို့ဖတ်ရှုလေ့လာနိုင်သည်။ ဖတ်ရှုလေ့လာရန် ကျွန်ုပ်တို့ဆန္ဒပြင်းပြနေရမည်။ စာဖတ်ရန်ဆန္ဒပြင်းပြလျှင်

စာမျက်နှာ ၁၄ သို့ ■

■ စာမျက်နှာ ၁၃ မှအဆက်

စာအုပ်စာပေများကို မပြတ်ဖတ်ရှုလေ့လာနေမည်သာဖြစ်သည်။ စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေခြင်းသည် အသိတရားမှန်ကန်နေရန် အချက်(၇)ချက်ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်နေခြင်းဖြစ်သည်။ ပထမအချက်မှာ ပညာရှိသူတော်ကောင်းများထံ ဆည်းကပ်နေခြင်း၊ ဒုတိယအချက်မှာ ပညာရှိသူတော်ကောင်းများ၏အဆုံးအမကို နာယူနေခြင်း၊ တတိယအချက်မှာ မိမိမသိရှိသေးသည့် မှန်ကန်သောအသိတရားများကို ထပ်မံစုဆောင်းနေခြင်း၊ စတုတ္ထအချက်မှာ မိမိတွင်ရှိသည့်မှားယွင်းနေသော အသိတရားများကို ပြုပြင်တည့်မတ်ပေးနေခြင်း၊ ပဉ္စမအချက်မှာ မိမိစဉ်းစားဆင်ခြင်ထိုးထွင်းသိမြင်နိုင်စွမ်းကို မြှင့်တင်ပေးနေခြင်း စသည့်အချက်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်သည်။ ဆဋ္ဌမအချက်မှာ မိမိဘဝ၏တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်အောင်မြင်မှုကိုတည်ဆောက်နေခြင်း၊ သတ္တမအချက်မှာ ပစ္စုပ္ပန်အချိန်များကို တန်ဖိုးရှိစွာအသုံးချနေခြင်း စသည်တို့ဖြစ်ကြသည်။ ဤအချက်(၇)ချက်ကြောင့် မှန်ကန်သောအသိတရားဖြစ်ပေါ်လာခြင်းဖြစ်သည်။

**စာဖတ်ရာတွင် လိုက်နာရမည့်နည်းစနစ်**

စာပေများကိုဖတ်ရှုရာတွင် နည်းစနစ်မှန်ကန်မှသာ အကျိုးတရားများစွာရရှိမည်။ နည်းစနစ်လွဲမှားစွာ ဖတ်ရှုလေ့လာနေပါက အကျိုးတရားမရရှိနိုင်ပါ။ မှန်ကန်သောနည်းစနစ်ဆိုသည်မှာ များများဖတ်၊ များများမှတ်၊ အလေးအနက်ဆင်ခြင်သုံးသပ်ဟူ၍ဖြစ်သည်။ များများဖတ်ဆိုသည်မှာ ပညာရှိသူတော်ကောင်းများ၏စာများကို များများရှာဖွေဖတ်ရှုခြင်းဖြစ်သည်။ များများမှတ်ဆိုသည်မှာ ဖတ်ရှုလေ့လာထားသည့် စာပေများအနက်မှ သဘောတရား၊ နိယာမ၊ သင်ခန်းစာအမျိုးမျိုးကို မှတ်သားထားခြင်းဖြစ်သည်။ အလေးအနက်ဆင်ခြင်သုံးသပ်ဆိုသည်မှာ လောကကြီး၏ ဖြစ်စဉ်ဖြစ်ရပ်များကိုလည်းကောင်း၊ နေ့စဉ်ဘဝအတွေ့အကြုံများကိုလည်းကောင်း၊ နိုင်ငံ၏ပစ္စုပ္ပန်အခြေအနေအရပ်ရပ်ကိုလည်းကောင်း မှတ်သားထားသည့်အချက်အလက်များနှင့် အလေးအနက်ဆင်ခြင်သုံးသပ်အဖြေရှာခြင်းဖြစ်သည်။ ထို့ကြောင့် များများဖတ်၊ များများမှတ်၊ အလေးအနက်ဆင်ခြင်သုံးသပ်ဟူသော မှန်ကန်သောနည်းစနစ်ဖြင့် စာပေများကိုဖတ်ရှုလေ့လာနေပါက အကျိုးတရားအမျိုးမျိုးကို ရရှိမည်ဖြစ်သည်။

**စာဖတ်ခြင်းကြောင့်ရရှိသည့်အကျိုးတရားများ**

စာပေများကို နည်းစနစ်မှန်ကန်စွာ ဖတ်ရှုလေ့လာခြင်းဖြင့် အကျိုးတရားများစွာရရှိနိုင်သည်။ ယင်းအကျိုးတရားများစွာထဲမှ အဓိကအချက်(၁၀)ချက်ကို ဖော်ပြလိုသည်။ ယင်းအချက်များမှာ အဖိုးတန်ဗဟုသုတများ ပိုမိုပွားများလာခြင်း၊ မှန်ကန်သောအသိတရားများထပ်မံတိုးပွားလာခြင်း၊ ယခင်ကလွဲမှားနေသောအသိများ မှန်ကန်သောအသိများအဖြစ်သို့ရောက်ရှိလာခြင်း၊ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးမှန်ကန်စွာဝေဖန်ပိုင်းခြားနိုင်စွမ်းမြင့်မားလာခြင်း၊ အသိတရားနှင့် သတိတရားပိုမိုမြင့်မားလာခြင်း၊ တန်ဖိုးနှင့်ဂုဏ်သိက္ခာရှိသောသမိုင်းကြောင်းကိုပိုင်ဆိုင်ရခြင်း၊ တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားလာခြင်း၊ ပစ္စုပ္ပန်ကာလ၏အခြေအနေအရပ်ရပ်ကို ပြည့်စုံတိကျမှန်ကန်စွာနားလည်ပြီး အနာဂတ်အခြေအနေများကိုထိုးထွင်းသိမြင်နိုင်စွမ်းမြင့်မားလာခြင်း၊ ကြုံတွေ့နေရသောပြဿနာ၊ အခက်အခဲတစ်ရပ်အား ဘက်စုံထောင့်စုံသိမြင်နားလည်ပြီး ပြဿနာဖြေရှင်းနိုင်သည့်စွမ်းရည်မြင့်မားလာခြင်း၊ လောကနှင့်ပတ်ဝန်းကျင်ကြီး၏လိမ်ညာလှည့်စားမှု၊ ပရိယာယ်ဆင်မှုအမျိုးမျိုးကို မှန်ကန်စွာထိုးထွင်းသိမြင်ပြီး အောင်မြင်စွာကာကွယ်တားဆီးနိုင်စွမ်းမြင့်မားလာခြင်းတို့ဖြစ်ကြသည်။

**ကျေးဇူးတရားပြန်လည်ပေးဆပ်ရမည့်တာဝန်**

အမိနိုင်ငံသည် ကျွန်ုပ်တို့၏ကျေးဇူးရှင်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသားများသည် ကျေးဇူးစားများဖြစ်ကြသည်။ ထို့ကြောင့် အမိနိုင်ငံ၏ကျေးဇူးတရားကို ပြန်လည်ပေးဆပ်ရမည့်တာဝန် ကျွန်ုပ်တို့နိုင်ငံသားများတွင်ရှိသည်။ ဤတာဝန်ကိုကျေပွန်စွာထမ်းဆောင်သည့်အနေဖြင့် အမိနိုင်ငံအားအင်အားကြွံခိုင်တောင့်တင်းသော၊ တိုးတက်ဖွံ့ဖြိုးသော၊ အရှိန်အဝါကြီးမားသော နိုင်ငံအဖြစ်သို့ ပို့ဆောင်ပေးရမည်။ ဤသို့ပို့ဆောင်ပေးနိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ ကျွန်ုပ်တို့၏အသိတရားများ မှန်ကန်နေရေးပင်ဖြစ်သည်။ အသိတရားများ မှန်ကန်နေရေးအတွက် ကျွန်ုပ်တို့အစဉ်ကြိုးပမ်းဆောင်ရွက်နေရမည့်အချက်များမှာ စာပေများကို များများဖတ်၊ များများမှတ်၊ အလေးအနက်ဆင်ခြင်သုံးသပ်နေခြင်းပင်ဖြစ်ပါကြောင်း နိဂုံးချုပ်အနေဖြင့် တင်ပြအပ်ပါသည်။ ။

## နိုင်ငံဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့

❖ ပညာတတ်မှ လူရာဝင်
တွေးဆမြင် အသိတရား။
မိဘတိုင်းမှာ တူညီဆန္ဒ
ပြည့်ဝစေသား။

❖ တိုးတက်လို့ ခေတ်မီ
ပညာသည် တန်ဖိုးမြင့်။
အတန်းပညာ ပဓာန
တွေးဆကြံသင့်။

❖ မိဘနှင့်မြတ်ဆရာ
ပူးပေါင်းကာ ပညာရေး။
လူငယ်တွေ အနာဂတ်
ထူးမြတ်မယ်လေး။

❖ ဘဝမှာ အောင်လံထူ
ဤဇမ္ဗူ ပြိုင်စံရှား။
ပညာသည် အခွင့်အလမ်း
ဆင့်တန်းကွာခြား။

❖ တိုးတက်တဲ့နိုင်ငံတော်
ပညာပေါ်အလေးပေး။
ပညာရှင် လွန်စွာများမှ
တိုးပွားမယ်လေး။

❖ ပညာတဲ့ ပညာ
သူ့ထက်ငါ လွန်ကြိုးစား။
ခေတ်မီနိုင်ငံ ကောင်းကျိုးပြုလို့
ရှေးရှုလှုပ်ရှား။


❖ ပြည်ထောင်စု တို့မြန်မာ
ကမ္ဘာမှာ ဂုဏ်ရှိန်တင့်ဖို့။
အသိနှင့်အတတ်ပညာ
ပြည့်စုံစွာ ထူးချွန်ထား
ကြိုးစားကြစို့။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# စိုက်ပျိုးရေး မွေးမြူရေးနှင့် MSME ထွက်ကုန်တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

ဒိုက်ဦး ဩဂုတ် ၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ဩဂုတ်လ ၇ ရက်နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ထွက်ကုန်တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်တာဝန်ရှိသူများက ဒိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်ကြည်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာတိုင်းရင်းကြက်ကောင်ရေ ၁၀၀၀၀ ဒုတိယအကြိမ် ထပ်မံမွေးမြူထားရှိမှုအား ကွင်းဆင်းကြည့်ရှုအားပေးပြီး တိုင်းရင်းကြက်များဒေသတွင်းမှထွက်ရှိသည့် အစာဖြင့်မွေးမြူနိုင်ခြင်း၊ ရာသီဥတု၊ ရောဂါပိုးမွှားဒဏ်ခံနိုင်ခြင်း၊ ပြည်တွင်းဈေးကွက်ခိုင်မာခြင်းနှင့် မွေးမြူရလွယ်ကူခြင်းတို့ကြောင့် တိုင်းရင်းကြက်မွေးမြူသူအစုအဖွဲ့များဖွဲ့စည်း၍ ဆက်လက်တိုးချဲ့မွေးမြူရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ရှမ်းစုကျေးရွာရှိ မိုးစပါးစိုက်ဧကများ စုပေါင်းတမန်းနှိုး၊ ပေါင်းရှင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ပွဲနှင့်အိမ်ခြေ ၄၀ ကျေးရွာ၌ တိုင်းရင်းကြက်မျိုးသားဖောက်ခြံနှင့်တစ်ရက်တန် ၄၀ ကျဆန်စက်တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြော

မြဝတီ ဩဂုတ် ၈

ကရင်ပြည်နယ် မြဝတီမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ဩဂုတ်လ ၇ ရက်နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဆက်သွယ်ရေးလိမ်လည်မှုဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မာမာရီက အဖွင့်အမှာစကားပြောကြားပြီး မြဝတီမြို့ ပြန်လည်ထူထောင်ရေးဂေဟာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်နွယ်နွယ်ရီ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူး ဦးသက်ဇော်ထွန်းနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား Online Media ၏အဓိပ္ပာယ်၊ Online လိမ်လည်မှုအမျိုးအစားများ၊ လောင်းကစားမှု၊ လိမ်လည်မှုဖြစ်စဉ်များနှင့်ဆိုက်ဘာလုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ သတိပြုဆင်ခြင်နိုင်စေမည့်အကြောင်းအရာများ၊ ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများအား အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှပေးပို့သည့် ဆက်သွယ်ရေးလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးဗီဒီယို Clip နှစ်ခုကိုပြသ၍ အသိပညာပေးဟောပြောသည့် အကြောင်းအရာများကိုဥာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများမေးမြန်းခြင်းအစီအစဉ်များကို ဆောင်ရွက်ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ပြသထားသည့် အသိပညာပေးနံရံကပ်စာအုပ်စာစောင်များကို လေ့လာကြည့်ရှုကြကြောင်းသိရသည်။ (၄၀၆)

# ထိုင်းဘုရင့်လေတပ်မှ အဆင့်မြင့်အရာရှိကြီးများ ခရီးစဉ်လာရောက်



ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်(လေ)မှအရာရှိကြီးများနှင့်တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဩဂုတ် ၈

မြန်မာ-ထိုင်း နှစ်နိုင်ငံလေတပ်များအကြား အရာရှိကြီးများ အပြန်အလှန်လည်ပတ်ရေး အစီအစဉ်အရ ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့သည် ဩဂုတ်လ ၄ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်မှ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့် လေတပ် စစ် သံမှူးတို့အား တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က ဩဂုတ်လ ၆ ရက် နံနက်ပိုင်းတွင် ရန် ကုန် မြို့ရှိ Chatrium ဟိုတယ်၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံလေတပ်များအကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပြီး အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ညပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ Air Marshal Srit Vuteerapol ဦးဆောင်သော အဆင့်မြင့်အရာရှိကြီးများအား စစ်ဦးစီးအရာရှိချုပ်(လေ)က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခရီးစဉ်လာရောက်စဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ကမ္ဘာအေးဘုရား၊ ပဲခူးမြို့ရှိ ရွှေသာလျောင်းရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေမော်ဓော ဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဝန်ကြီးများရုံး၊ ဗိုလ်ချုပ်အောင်ဆန်းဈေးနှင့် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ သွားရောက်လေ့လာလည်ပတ်ကြည့်ရှုကြသည်။

ထိုင်းဘုရင့်လေတပ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ




ကာကွယ်ရေးဦးစီးချုပ်(လေ)ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးက တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၈

၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်မြေခံလေတပ်စခန်းဌာနချုပ်၌ ကျင်းပပြုလုပ်ရာ လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးနှင့် တာဝန်ရှိသူများ၊ လေတပ်စခန်းဌာနချုပ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသော မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်အသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်သိန်းထူးက လည်းကောင်း တံခွန်စိုက်ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို ဌာနချုပ်၊ လေတပ်စခန်းဌာနချုပ်နှင့် လေတပ်စခန်းအသီးသီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းတို့ဖြင့် ဇူလိုင်လ ၂၂ ရက်နေ့မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲတွင် ပုဗ္ဗသီရိတပ်နယ်ကိုယ်စားပြုအသင်းက ဒိုင်းဆုရရှိ



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၈

၂၀၂၅ ခုနှစ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ် ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အသင်း ၅ သင်းဖြင့် ဩဂုတ်လ ၄ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိရာ ယနေ့ယှဉ်ပြိုင်ကစားသည့် ဗိုလ်လုပွဲ ပွဲစဉ်တွင် ပုဗ္ဗသီရိတပ်နယ်အသင်း ဒိုင်းဆုရရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ လူသစ်တန်း၊ (က)တန်းနှင့် အလွတ်တန်းအဆင့် ပြိုင်ပွဲများတွင် အကောင်းဆုံးအားကစားသမားဆုရရှိသူများ၊ အသင်းလိုက် ပထမ၊ ဒုတိယဆုရရှိသူများနှင့် ဒိုင်းဆုရရှိသော ပုဗ္ဗသီရိတပ်နယ်ကိုယ်စားပြုအသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၈-၂၀၂၅

| | | | | | |
|---|---|---|---|---|---|
| စစ်တွေ | ၅ ဒသမ ၆၇ လက်မ | ပင်လောင်း | ၂ ဒသမ ၂၄ လက်မ | ဥက္ကံ | ၁ ဒသမ ၇၇ လက်မ |
| ဟုမ္မလင်း | ၃ ဒသမ ၈၂ လက်မ | ကော့ကရိတ် | ၁ ဒသမ ၉၇ လက်မ | နေပြည်တော် (ဒက္ခိဏသီရိမြို့နယ်) | ၁ ဒသမ ၅၈ လက်မ |
| လှည်းကူး | ၂ ဒသမ ၈၇ လက်မ | ဝက်ထီးကန် (လေးထပ်ပြင်) | ၁ ဒသမ ၈၁ လက်မ | မှော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | ၁ ဒသမ ၅၈ လက်မ |
| ခန္တီး | ၂ ဒသမ ၇၉ လက်မ | ကျိုက္ခမီ | ၁ ဒသမ ၈၁ လက်မ | | |
| အိမ်မဲ | ၂ ဒသမ ၄၀ လက်မ | | | | |

● ကျောဖုံးမှအဆက်

ဦးဆောင်ပြီးမှ သရေကျခဲ့ခြင်းဖြစ်ပြီး ဂိုးကွာခြားချက်တွင်လည်း အိန္ဒိယ အသင်းထက်နည်းနေသဖြင့် အနိုင်ရမှသာ အုပ်စုပထမနေရာ ရယူနိုင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ပထမပွဲကစားခဲ့သည့် လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်အားပြုကစားခဲ့သည်။ အင်ဒိုနီးရှားအသင်းကလည်း ဂိုးမပေးရရန် ခံစစ်အားပြုကစားခဲ့ရာ မြန်မာအသင်း ဂိုးရရန် ရုန်းကန်ခဲ့ရသော်လည်း ၃၉ မိနစ်တွင် ဦးဆောင်ဂိုးရခဲ့သည်။ မြန်မာအသင်းအတွက် အဖွင့်ဂိုးကို အသင်းခေါင်းဆောင် ယဉ်လွန်းအိမ်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ၅၃ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် နိုင်နိုင်ဝင်းက ခေါင်းတိုက်ပြီး ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ မြန်မာအသင်းအနေဖြင့် နှစ်ဂိုးပြတ်အနိုင်ရနေသော်လည်း ပွဲကိုထိန်းထားနိုင်ခြင်းမရှိဘဲ ဂိုးများပြန်ပေးခဲ့ရသည်။ အင်ဒိုနီးရှားအသင်းသည် လေးမိနစ်အတွင်း ချေပဂိုးနှစ်ဂိုးပြန်ရခဲ့ပြီး ၆၉ မိနစ်တွင် ဟန်ဒါရာနီ၊ ၇၃ မိနစ်တွင် ကယ်လာတို့က သွင်းယူခဲ့သည်။

အုပ်စု (D) အခြားပွဲတွင် အိန္ဒိယအသင်းက တာ့ခ်မင်နစ္စတန်အသင်းကို ခုနစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ နှစ်ပွဲစီကစားအပြီးတွင် အိန္ဒိယအသင်းနှင့် မြန်မာအသင်းက လေးမှတ်စီ၊ အင်ဒိုနီးရှားအသင်းက နှစ်မှတ်ရရှိထားပြီး တာ့ခ်မင်နစ္စတန်အသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးဘဲ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပလျက်ရှိပြီး အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးသုံးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အိန္ဒိယအသင်းထက် ဂိုးကွာခြားချက်နည်းနေသဖြင့် နောက်ဆုံးပွဲတွင် အနိုင်ကစားမှသာ ခြေစစ်ပွဲအောင်မြင်ရန် သေချာမည်ဖြစ်သည်။

သတင်း-ထွဏ်းသွေးအိမ်
ဓာတ်ပုံ-စိုးညွန့်သော်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ နီပေါသံအမတ်ကြီး H.E. Mr. Harishchandra Ghimire က လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်း အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး H.E. Mr. Mogkol Visitstump က လက်မှတ်ရေးထိုးစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်း အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem က လက်မှတ်ရေးထိုးစဉ်။





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်း အတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေး သံရုံးယာယီတာဝန်ခံ Mrs. Ruth Zakh က လက်မှတ်ရေးထိုးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade က လက်မှတ်ရေးထိုးစဉ်။

# စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့မွန်းလွဲပိုင်းက အသစ်ဖွင့်လှစ်မည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက နေရာဌာနအသစ်တွင် စတင်ဆောင်ရွက်ရသည့်အတွက်ကြုံတွေ့နိုင်သည့် အခက်အခဲများအပေါ် အနာဂတ်မျိုးဆက်သစ်များ၏အကျိုးကိုမျှော်မှန်းပြီး စုစည်းညီညွတ်သည့်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်းကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဝန်ထမ်းများ၏ ပြောင်းရွှေ့မှု၊ နေထိုင်သွားလာမှုနှင့် သင်ကြားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ရေးအတွက် စနစ်တကျစီမံထားပြီးကြောင်း၊ လိုအပ်ချက်ရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)တွင် တာဝန်ထမ်းဆောင်ကြမည့် စိုက်ပျိုးရေးတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်တို့မှ သင်ကြားရေးဆရာ၊ ဆရာမများ၊ စီမံနှင့်ရုံးလုပ်ငန်းဆိုင်ရာ ဝန်ထမ်းများက အခက်အခဲနှင့်လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်ချက်များ စီမံဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ






ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး Dr. Md. Monwar Hossain က လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးသံအမတ်ကြီး H.E. Mr. Gustavo Rocha de Menezes က လက်မှတ်ရေးထိုးစဉ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယား သံအမတ်ကြီး H.E. Mr. CHENG Manith က လက်မှတ်ရေးထိုးစဉ်။




ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG က လက်မှတ်ရေးထိုးစဉ်။







ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ ဟိုလီဆီးသံရုံး ယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary က လက်မှတ်ရေးထိုးစဉ်။

❍ **ရှေ့ဖုံးမှအဆက်**

ယူအေအီးသံအမတ်ကြီး H.E. Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem၊ တရုတ်သံအမတ်ကြီး H.E. Ms. Ma Jia၊ ကမ္ဘောဒီးယားသံအမတ်ကြီး H.E. Mr. CHENG Manith၊ လာအိုသံအမတ်ကြီး H.E. Mr. Bounphieng CHANTHAVONG နှင့် အစ္စရေးသံရုံးယာယီတာဝန်ခံ Mrs. Ruth Zakh၊ တီမောလက်စ်တေ သံရုံးယာယီတာဝန်ခံ Mr. Olandino Rui de Andrade နှင့် ဟိုလီဆီးသံရုံး ယာယီတာဝန်ခံ၏ ကိုယ်စားလှယ် Fr. Hilary တို့က ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးခဲ့ကြသည်။

ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင် လာရောက်လက်မှတ်ရေးထိုးသော သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

သံအမတ်ကြီးများနှင့် သံရုံးအကြီးအကဲများက ယာယီသမ္မတ ဦးမြင့်ဆွေ ကွယ်လွန်ခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများ၊ ကျန်ရစ်သူမိသားစုသို့ ဝမ်းနည်းကြောင်းနှင့်စာနာထောက်ထားပါကြောင်း သတင်းစကားများ ပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲနှင့် ညှိနှိုင်းအစည်းအဝေးများကျင်းပ

နေပြည်တော် ဩဂုတ် ၈

လျှပ်စစ်ကျွမ်းကျင်မှု အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လျှပ်စစ်စစ်ဆေးရေးသင်တန်းခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် Virtual စနစ်ဖြင့် တက်ရောက်သည်။

အခမ်းအနားသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိသူသုံးဦးထံ ဂုဏ်ပြုဆုများကိုလည်းကောင်း၊ သင်တန်းသားများထံ သင်တန်းဆင်းအောင်လက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ စက်မှုဇုန်ရှိ စက်ရုံ၊ အလုပ်ရုံများတွင် လျှပ်စစ်ပြင်ဆင်ခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေသူ သင်တန်းသား၊ သင်တန်းသူ ၅၈ ဦး တက်ရောက်ပြီး အခြေခံလျှပ်စစ်တိုင်းတာရေးမီတာများ၊ အခြေခံအီလက်ထရောနစ်၊ အေစီ၊ ဒီစီ မော်တာများနှင့် မော်တာနှိုးခလုတ်၊ အေစီ၊ ဒီစီလျှပ်ထုတ်စက်များ၊ လျှပ်စစ်ပတ်လမ်းနှင့်အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ လျှပ်တာပြောင်း၊ မြေဓာတ်ချခြင်းနှင့် မိုးကြိုးလွှဲအကာအကွယ်ပြုမြေဓာတ်ချစနစ်၊ လျှပ်စစ်ဝိုင်ယာကြိုးများ၊ ကောင်းကင်ဓာတ်အားလိုင်း၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း၊ လျှပ်စစ်ကြိုးသွယ်တန်းပြီး စစ်ဆေးခြင်းနှင့် မြေဓာတ်ချစစ်ဆေးခြင်း၊ ဆိုလာဓာတ်အားပေးစနစ်၊ လျှပ်စစ်သွယ်တန်းတပ်ဆင်မှုတို့၏အကျိုးနှင့်အပြစ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ရုတ်ခြည်းဗို့အားမြင့်ကာကွယ်ရေးကိရိယာများ၊ ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံဆိုင်ရာသိမှတ်ဖွယ်ရာများ စသည့် ဘာသာရပ် ၁၆ မျိုးကို ၂၀၂၅ ခုနှစ် ဇွန်လ ၁၆ ရက်မှ ဩဂုတ်လ ၈ ရက်အထိ ရက်သတ္တရှစ်ပတ်ကြာဖွင့်လှစ်သင်ကြားပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံအတွင်းရှိ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေး အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံခြားငွေရရှိသောလုပ်ငန်းများအနက် အထည်ချုပ်လုပ်ငန်းများသည် ထိပ်ဆုံးမှ ပါဝင်နေသည့်အတွက် လုပ်ငန်းများမတိမ်ကောအောင် အားပေးသင့်ကြောင်း၊ ထို့ကြောင့် အထည်ချုပ်လုပ်ငန်းများ တွေ့ကြုံနေရသည့် အခက်အခဲများ၊ လိုအပ်ချက်များနှင့်စိန်ခေါ်မှုများကို ပေါင်းစပ်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဖြေရှင်းဆောင်ရွက်ရမည့်နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ပြည်တွင်းရှိ အထည်ချုပ်စက်ရုံများ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အစီအစဉ်၊ တွေ့ကြုံနေရသည့် စိန်ခေါ်မှုများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းတို့မှ တာဝန်ရှိသူများ၊ အမိုးသွပ်ပြားလုပ်ငန်းရှင်များနှင့်အတူ ငလျင်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအား ထောက်ပံ့ရန်အတွက် အမိုးသွပ်ပြားများထုတ်လုပ်နိုင်ရေး အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ သံနှင့်သံမဏိအသင်းတို့မှ တာဝန်ရှိသူများနှင့် အမိုးသွပ်ပြားလုပ်ငန်းရှင်များက အမိုးသွပ်ပြားလိုအပ်ချက်များနှင့် ထုတ်လုပ်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

## A brief biography of U Myint Swe, Pro Tem President of the Republic of the Union of Myanmar



Pro Tem President of the Republic of the Union of Myanmar U Myint Swe was born to U Kyee Maung and Daw Kyi in Mandalay on 24 June 1951. He attended the 15th Intake of the Defence Services Academy in 1969 and was appointed as a commissioned officer in 1973.

He served assigned duties at relevant regiments and units diligently. He concurrently served the duty of the Commander of No 11 Light Infantry Division and the Brigadier-General General Staff from 1998 to 2001. He also discharged duties of the Commander of South-East Command and the Yangon Command from 2001 to 2004. During the period from 2004 to 2006, he concurrently served duties of the Chief of Military Affairs Security and the Commander of Yangon Command. He also served as the Chief of No 5 Bureau of Special Operations of the Office of the Commander-in-Chief (Army) from 2006 to 2011.

He discharged duties of the Chief Minister of the Yangon Region Government in the first term of Hluttaw from 2011 to 2016, the Vice-President (1) of the President Office of the Republic of the Union of Myanmar in the second term of Hluttaw from 2016 to 2021 and the Pro Tem President from the State of Emergency in 2021 until his passing. As he served his duties with excellent performances for the interests of Tatmadaw, the State and the people day and night, he was deservedly awarded the General Service Medal, the People's Militia Combating Medal, the State Peace and Development Council medal, the Mongyang/Methawaw medal, the Good Military Service medal, the Thingaha medal, the Thray Sithu title, the Thadoe Thiri Thudhamma title, and the Thadoe Maha Thray Sithu title. Moreover, he diligently chaired and co-chaired different committees formed for safeguarding and preserving nationality and religion in successive governments.

At the time of his passing, he was survived by his wife Daw Khin Thet Htay, daughter Daw Khin Thet Htar Swe, and son Captain Kyaw Phone Myint (retired). It is known that the State funeral for Pro Tem President U Myint Swe will be held on 11 August 2025.

**100**

## More than 1,600 acres of vegetables planted in Kanbalu Township this monsoon

KANBALU August 8

Local farmers have planted more than 1,600 acres of vegetables in Kanbalu Township of Sagaing Region this year, according to the township agriculture department.

During the 2025-2026 monsoon cropping season, it is planned to cultivate 1,963 acres of vegetables in Kanbalu Township. The cultivation of these vegetables began in May of this year, and as of today, 1,678 acres have already been planted.

"This year, during the monsoon cropping season, Kanbalu Township has a plan to grow over 1,900 acres of vegetables. As of now, more than 1,600 acres have already been planted. We are continuing efforts to meet the targeted acreage. The crops include roselle, cauliflower, mustard, chili, coriander, potato, cauliflower, eggplant, and bitter gourd. Farmers are being provided with technical assistance to grow all vegetables using the GAP (Good Agricultural Practices) system. We are also guiding them to grow these vegetables in a way that uses minimal chemical residues and is health-friendly," said U Myo Zaw, Head of the Kanbalu Township Agriculture Department.

This year, in Kanbalu Township, the Township Agriculture Department is providing technical training to vegetable farmers to encourage them to grow under the GAP system. They are also offering guidance to ensure the harvested vegetables are healthy and safe for consumption, and working to encourage farmers to expand their vegetable cultivation.

In Kanbalu Township, a variety of vegetables are grown seasonally every year. The cultivated vegetables have shown successful outcomes, contributing to household income. The Township Agriculture Department continues to raise awareness among farmers on proper cultivation methods, pest prevention, the use of organic fertilizers, natural pesticides, and pest repellents.

**SK**

## More than 10,000 acres of rain-fed paddy planted in Wakema Township this year

WAKEMA August 8

"A total of 11,023 acres of rain-fed paddy was planted in Wakema Township of Ayeyawady Region this year," said Daw Khin Htay Myint, the Head of Myaungmya District Agriculture Department.

This year, local authorities earmarked cultivation of 213,216 acres of rain-fed paddy in Wakema Township but local farmers have so far planted 11,023 acres of paddy against the target cultivation. Local farmers continue cultivation of paddy to meet the target cultivation.

"In Wakema Township, rain-fed paddy is planned to be cultivated across up to 213,216 acres. So far, over 11,000 acres have already been cultivated, and planting continues on the remaining acres. Even before the actual planting begins, agricultural technologies are being implemented in advance to support rain-fed paddy cultivation. Furthermore, relevant departments are coordinating to supply the necessary fertilizers to farmers to ensure good paddy yields. Field-level technical support is also being provided to help farmers use fertilizers in accordance with recommended agricultural practices. Efforts are also being made to ensure both yield and quality of the paddy," said Daw Khin Htay Myint.

It is reported that in Wakema Township, efforts are underway to ensure all planned rain-fed paddy areas are fully cultivated with collaborative efforts from local farmers, the Department of Agriculture, the Irrigation and Water Utilization Management Department, the Agricultural Mechanization Department, the Irrigation Department, and local administrative bodies.

This year, high-yielding paddy varieties have been selected for cultivation. The Department of Agriculture is supporting the use of fertilizers and modern farming techniques. Varieties such as "Hsinthukha" and "Theehtetyin" are being grown.

According to farmer U Kyaw Swe from Wakema Township, the weather has also been favourable this monsoon season, allowing smooth cultivation without major difficulties.

Local farmers will grow paddy strains such as Hsinthukha, Manaw Thukha, GW11, GW1 Pawsan, Hnanka, Pakhan and others in Wakema Township to meet the target cultivation of 213,216 acres. These paddy varieties are suitable for the regions.

**SMK**

# Farmers plant more than 2,000 acres of rice bean in Wetlet Township

WETLET August 8

Local farmers have so far planted more than 2,000 acres of rice bean in Wetlet Township of Sagaing Region during this monsoon, according to the township Agriculture Department.

During the 2025–2026 monsoon crop season, it is planned to cultivate a total of 5,997 acres of rice bean in Wetlet Township. Cultivation began in May this year, and as of today, a total of 2,588 acres have already been planted.

Daw Kyin San, Head of the Wetlet Township Agriculture Department, commented: "For this year's monsoon season, more than 5,000 acres of rice bean are targeted for cultivation in Wetlet Township. So far, over 2,000 acres have already been cultivated. We are continuing efforts to reach the targeted acreage. We are also providing educational outreach to encourage expanded cultivation and the use of high-quality, pure seeds to improve yield."

This year, the township agriculture department has been educating rice bean farmers in Wetlet Township on the use of region-appropriate and pure seed varieties, ensuring proper cultivation practices, preventing pest infestations, applying fertilizers systematically, and improving crop yield.

Additionally, during this year's monsoon crop season, in the cultivation of various pulse crops, efforts are being carried out in collaboration with farmers to ensure better yield and quality. This includes supplying high-quality seeds, providing necessary inputs, and sharing post-harvest technologies.

**SMK**

# More than 13,000 acres of sesame planted in Dabayin Township this monsoon



DABAYIN August 8

Data of YeU District Agriculture Department stated that local farmers have placed more than 13,000 acres of croplands under sesame in Dabayin Township of Sagaing Region this year.

During the 2025–2026 monsoon crop season, it is planned to cultivate 28,325 acres of rain-fed sesame in Dabayin Township. Cultivation began in May of this year, and as of today, 13,463 acres have already been planted.

U Zaw Myint Tun, the head of the District Agriculture Department of Ye-U District, retold: "For this year's monsoon crop season, over 28,000 acres of sesame are targeted for cultivation in Dabayin Township. So far, over 13,000 acres have already been planted, and cultivation is ongoing. Efforts are being made to ensure the target acreage is fully achieved. Support is also being provided to expand sesame cultivation, improve yield, and encourage the use of GAP (Good Agricultural Practices) techniques."

This year, the Township Agriculture Department is actively educating sesame farmers in Dabayin Township on expanding cultivation areas, using systematic planting methods, implementing GAP techniques, planting high-quality and pure varieties, and choosing high-yield seeds.

Crops grown using the GAP system are known to have better quality compared to those cultivated through conventional methods. They also fetch better prices and can be exported to international markets in addition to being sold locally. Therefore, farmers who adopt GAP techniques benefit more economically, and this also contributes to the improvement of their socio-economic lives.

**SMK**

# Taze Township completes cultivation of more than 8,000 acres of rain-fed green gram this year

TAZE August 8

A total of 8,762 acres of rain-fed green gram has been planted in Taze Township of Sagaing Region this year, according to Ye-U District Agriculture Department.

During the 2025-2026 monsoon crop season, it is planned to cultivate 17,693 acres of rain-fed green gram in Taze Township. Cultivation began in May this year, and as of today, 8,672 acres have already been planted.

U Zaw Myint Tun, Head of the Ye-U District Agriculture Department, revealed: "For this year's monsoon crop season, over 17,000 acres of green gram are targeted for cultivation in Taze Township. So far, over 8,000 acres have been planted, and cultivation is ongoing. Efforts are being made to meet the targeted acreage. In terms of green gram cultivation, we are also providing education on expanding cultivation areas and using high-quality and pure seeds to improve yields."

This year, the Township Agriculture Department is providing guidance to green gram farmers in Taze Township on using region-appropriate quality seeds, ensuring proper cultivation techniques, preventing pest infestations, applying fertilizers systematically, and improving overall crop yield.



Additionally, during this year's monsoon crop season, for the cultivation of various pulse crops, collaborative efforts are being made with farmers to provide necessary support, including the use of high-quality seeds, vital inputs, and post-harvest technologies, all aimed at improving yield and crop quality.

**SK**

# Summer paddy harvested in Sagaing Township this year

SAGAING August 8

Statistics of Sagaing Township Agriculture Department stated that local farmers have harvested all sown acreage of summer paddy in Sagaing Township of Sagaing Region.

In Sagaing Township, during this year's summer crop season, a total of 4,239 acres of summer paddy were cultivated. Harvesting of these paddy fields began in May, and as of today, 100 per cent of the cultivated area has been harvested. The average yield achieved was 88.49 baskets per acre.

U Myo Thant Aung, Head of the Sagaing Township Agriculture Department, stated: "This year, only 4,239 acres of summer paddy were cultivated in Sagaing Township. At present, the entire area has been completely harvested. Farmers were given technical assistance related to cultivation, awareness on pest prevention, guidance to avoid crop losses, and instructions to ensure harvested paddy was stored under proper shelter in a timely manner."

In Sagaing Township, to help increase yield per acre and meet target output levels, summer paddy farmers received high-quality seed varieties, technical brochures, training courses and awareness sessions, and support to access the necessary agricultural inputs on time.

Additionally, large-scale farmers were encouraged to coordinate with the Agriculture Department and prepare in advance for timely cultivation of summer paddy and other crops following the harvest of monsoon paddy and monsoon crops. This included adhering to pest and disease prevention guidelines, conducting soil nutrient replenishment activities, and preparing quality seed stocks in advance. **SK**

# Xi expresses support for long-term settlement in Ukraine - Kremlin



MOSCOW August 8

Russian President Vladimir Putin told Chinese President Xi Jinping in a telephone conversation about his meeting with US Special Envoy Steve Witkoff, the Kremlin said on Friday.

"In the spirit of comprehensive partnership and strategic cooperation between the two countries, the Russian President told the Chinese President about the main results of his conversation on August 6, with US Special Envoy of Steve Witkoff," the statement said.

In turn, Xi thanked Putin for sharing the information about his meeting with Witkoff and expressed support for a long-term settlement in Ukraine, the Kremlin added.

"The heads of state also discussed some topical issues on the bilateral and international agenda, including in the context of preparations for Vladimir Putin's upcoming visit to China to attend the Shanghai Cooperation Organization summit and celebrations marking the 80th Anniversary of the Victory over militaristic Japan and the end of World War II," the statement read.

**Sputnik**

# Indian Prime Minister thanks Putin for sharing latest Ukraine developments during phone call

NEWDELHI August 8

Indian Prime Minister Narendra Modi stated that he had a phone conversation with Russian President Vladimir Putin, during which he expressed his gratitude for Putin sharing the latest developments regarding Ukraine.

"Had a very good and detailed conversation with my friend President Putin. I thanked him for sharing the latest developments on Ukraine. We also reviewed the progress in our bilateral agenda, and reaffirmed our commitment to further deepen the India-Russia Special and Privileged Strategic Partnership. I look forward to hosting President Putin in India later this year," Modi said on X.

Narendra Modi visited Moscow in July 2024, during which the XXII annual Russia-India summit took place. Following the summit, Modi invited Russian President Vladimir Putin to visit India.

**Sputnik**

# Fast-moving wildfire forces evacuations in Southern California

LOS ANGELES August 8

Evacuations were ordered on Thursday for communities near a fast-moving wildfire in a canyon area in Southern California amid a major heat wave.

The wildfire, dubbed the Canyon fire, broke out around 1:25 p.m. local time (2025 GMT) near Piru, a small historic town located in eastern Ventura County and around 77 km northwest of Los Angeles. The blaze grew rapidly to over 1,000 acres (around 4.05 square km) in hours with no containment, according to the California Department of Forestry and Fire Protection (Cal Fire).

Local officials issued multiple evacuation orders and warnings for some communities near the fire in Ventura and Los Angeles counties.

"Immediate threat to life. This is a lawful order to LEAVE NOW. The area is lawfully closed to public access," said Cal Fire in its evacuation orders.

"The Canyon Fire is spreading fast under extreme heat and dry conditions near Ventura-LA County line," said Los Angeles County Supervisor Kathryn Barger in a post on X, urging residents in the area to "take evacuation orders seriously -- when first responders say GO, leave immediately."



The temperature in the area reached 37.8 degrees Celsius on Thursday, with 15-17 percent humidity, according to the U.S. National Weather Service.

**Xinhua**

# Lula and Modi push back against US tariffs

BRASILIA August 8

The leaders of Brazil and India have reaffirmed their support for multilateralism and fair trade in response to sweeping US tariffs, according to a statement by the Brazilian government.

Brazilian President Luiz Inacio Lula da Silva held a one-hour phone call with Indian Prime Minister Narendra Modi on Thursday to discuss the global economic outlook and rising trade tensions.

Both leaders reaffirmed the importance of "defending multilateralism and the need to confront current global challenges," while exploring deeper integration between the two nations, the statement said.

The talks came after US President Donald Trump imposed a 50 percent tariff on Brazilian goods on July 30, citing the prosecution of former Brazilian President Jair Bolsonaro, who is facing trial for allegedly plotting a coup following his 2022 election defeat. Trump accused Brasilia of political persecution and called the BRICS nation a threat to US national security. Brazil condemned the move as an illegal attempt to interfere in its internal affairs. China backed Brazil, denouncing what it called "bullying" by the US.

On Wednesday, Trump announced a 50 percent tariff on Indian imports effective late August, citing the country's oil trade with Russia. New Delhi slammed the move as "unfair, unjustified and unreasonable," and vowed to defend its national interests.

Trump has repeatedly accused BRICS members of trying to undermine the US dollar and has threatened additional 10 percent tariffs. The economic group has rejected the claim and argued that Washington's own foreign policy undermines the greenback.

BRICS, which was formed by Brazil, Russia, India, and China in 2006, with South Africa joining four years later, has since expanded and now surpasses the G7 in combined GDP.

Trump has also threatened broader tariffs on Russia's trade partners to pressure Moscow into accepting a ceasefire in the Ukraine conflict. Moscow has rebuffed the threats, saying that sovereign nations are free to choose their own trade partners. Lula told Reuters this week that he plans to propose a BRICS summit to coordinate a joint response to Washington's trade pressure. **RT**

# Wildfire breaks out southeast of Athens with strong winds

ATHENS August 8

A large wildfire broke out Friday afternoon in Keratea, about 35 kilometers southeast of central Athens, forcing evacuations and triggering an emergency response.

The fire began in the Manoutso area, rapidly spreading through residential and forested areas, including dry grasslands and farmland, according to Greece's national broadcaster ERT.

The fire front has extended over seven kilometers, damaging several houses and cutting off some roads, ERT said.

Strong winds at seven to eight on the Beaufort scale, with gusts up to nine, along with thick smoke, have hampered firefighting efforts, complicating aerial and ground operations.

Authorities have issued multiple emergency alerts urging residents to evacuate. The Hellenic Police said at least 10 elderly residents have been safely evacuated.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover remarkable health impact of a daily 'fast walk'

Hitting 10,000 steps a day is a goal for millions of us — but we should be focusing on the pace not the paces, according to a study.

Research suggests that going on a daily brisk 15-minute walk could boost heart health and reduce risk of death by 19 per cent.

US researchers, who studied more than 79,850 adults from low-income areas, found that a short brisk walk was more beneficial than walking at a slower pace for three hours, even when overall leisure-time physical activity levels were accounted for.






Experts argued that the findings show that walking, particularly at a brisk pace, is an effective form of exercise — especially for those in low income areas — that could protect against heart disease.

It comes as alarming data released last year revealed that premature deaths from cardiovascular problems, such as heart attacks and strokes, had hit their highest level in more than a decade.

In the UK, around 420 people of working age die of as a result of heart disease each week, which works out as 21,975 people a year.

In the study, which analysed data from the Southern Community Cohort Study between 2002 and 2009, participants reported how many minutes they spent per day engaging in walking slowly and walking fast.

Walking at work, engaging in light exercise or walking the dog were classed as 'walking slowly', whereas more dynamic activities such as climbing the stairs, brisk walking and exercise were considered fast.

Over a follow-up of just under 17 years, the researchers discovered that walking fast for as little as 15 minutes per day reduced the risk of all cause mortality by nearly 20 percent.

Writing in the American Journal of Preventive Medicine, they found the effect was most pronounced for cardiovascular disease.

According to Professor Wei Zeng, lead investigator and expert in lifestyle factors and diseases, fast walking could reduce cardiovascular mortality by improving how efficiently the heart works and reducing obesity.

This style of exercise has previously been shown to increase VO2-max — a measure of how much oxygen the body can process during exercise.

A high VO2 max is associated with better physical fitness and lower risk of cardiovascular disease, indicating that the body is efficiently extracting and using oxygen from the blood.

Professor Zeng concluded: 'Brisk walking offers a convenient, accessible and low-impact activity that individuals of all ages and fitness levels can use to improve general health and cardiovascular health specifically.'

The experts, lead by Professor Lili Liu, lead author and trainee epidemiologist, are now urging health officials to encourage fast walking within all communities — especially those with limited access to healthcare — and address barriers to daily walking such as safety concerns.

They added: 'Public health campaigns and community-based programmes can emphasise the importance and availability of fast walking to improve health outcomes.

'Individuals should strive to incorporate more intense physical activity into their routines, such as brisk walking or other forms of aerobic exercise.'

The scientists, however, acknowledged that because physical activity data was only collected at the beginning of the study, changes in activity levels could not be considered.

The paper also had some limitations, they said, including the fact daily walking levels were self-reported.

Sedentary lifestyles in the UK, with Brits spending their workhours deskbound, then sitting in a train or car on their way home to sit down in front of the TV, have been estimated to kill thousands each year.

The WHO puts the annual global death toll from physical inactivity at around two million per year, making it in the running to be among the top ten leading causes of global death and disability.

Physical inactivity has been long linked to health problems like cardiovascular disease as well contributing to health problems like obesity, itself lin-ked to an increased risk of type 2 diabetes and some cancers.

Cases of heart attacks, heart failure and strokes among the under-75s had tumbled since the 1960s thanks to plummeting smoking rates, advanced surgical techniques and breakthroughs such as stents and statins.

But now, other factors such as slow ambulance response times for category 2 calls in England — which includes suspected heart attacks and strokes — as well as long waits for tests and treatment have also been blamed.

**Mail Online**

# ဆန်းသစ်တဲ့ဒီဇိုင်း မြင့်မားတဲ့နည်းပညာများနဲ့ထွက်ပေါ်လာတဲ့ XPeng P7



လျှပ်စစ်ကားဈေးကွက်ထဲမှာ အခုဆိုရင်ပြိုင်ဆိုင်မှုက သိပ်ကိုပြင်းထန်လာတာတွေ့နေရပါတယ်။ အထူးသဖြင့် တရုတ်နိုင်ငံထဲမှာဆိုရင် နည်းပညာတိုးတက်မှုနဲ့အတူ ဝယ်ယူသူတွေကိုဆွဲဆောင်နိုင်ဖို့က အလွန်အရေးပါလာပါတယ်။ ဒီအချက်ကိုကောင်းကောင်းကြီးသိတဲ့ XPeng ကုမ္ပဏီက P7 အမျိုးအစား ဇိမ်ခံကားအသစ်ကိုထုတ်လုပ်လိုက်ခြင်းအားဖြင့် ဈေးကွက်ဝေစုကိုမျှဝေယူလိုက်နိုင်တာတွေ့ရပါတယ်။

XPeng က သူတို့ရဲ့မော်ဒယ်အသစ် P7 ကို ဩဂုတ်လ ၆ ရက်မှာတရားဝင်ထုတ်ဖော်ပြသမိတ်ဆက်လိုက်တာပါ။ ဒီလိုမျိုးမိတ်ဆက်ပြီးတစ်ရက်အကြာ ဩဂုတ်လ ၇ ရက်မှာတော့ P7 ကိုဝယ်ယူမှုအတွက် ကြိုတင်အမှာစာစောင်ရေ ၁၀၀၀၀ အထိ လက်ခံရရှိလိုက်ပါတယ်။ အမှာစာအတွက်ပေးရတဲ့စရန်ငွေကလည်း ပြောရလောက်အောင်မများပါဘူး။ သို့ပေမယ့် P7 ကို လူကြိုက်များရတဲ့အဓိကအကြောင်းရင်းက သူ့မှာပါဝင်တဲ့အဆင့်မြင့်နည်းပညာ၊ အမြန်အားသွင်းစနစ်၊ မြင်သူတိုင်းစွဲမက်လောက်စေတဲ့ဒီဇိုင်းတို့က အသုံးပြုသူများရဲ့လိုလားချက်နဲ့ ကိုက်ညီသွားတာကြောင့်ဖြစ်ပါတယ်။

အရင်ဆုံးဒီဇိုင်းပိုင်းကိုပြောရရင် ရှေ့ဘက်မီးတန်းက အင်္ဂလိပ်အက္ခရာ H ပုံစံနဲ့မနားတမ်းပြေးနေတဲ့ LED မီးတန်းကို ထည့်ပေးထားပါတယ်။ နောက်မီးတန်းကိုလည်း အလားတူတပ်ထားပါတယ်။ ကားရဲ့အရှည်ကလည်း တော်တော်လေးကိုရှည်လာတာတွေ့ရပါတယ်။ အလျားက ၅၀၁၇ မီလီမီတာ၊ အနံက ၁၉၇၀ မီလီမီတာ၊ အမြင့်က ၁၄၂၇ မီလီမီတာနဲ့ ကားဘီးအကွာအဝေးက ၃၀၀၈ မီလီမီတာရှိပါတယ်။ ကားရဲ့ပုံစံကတော့ကြော့ရှင်းတဲ့ပုံစံရှိပါတယ်။


အတွင်းပိုင်းမှာတော့ နည်းပညာအစုအဝေးလို့ခေါ်ရလောက်အောင်ကို နည်းပညာပိုင်းဆိုင်ရာအဆင့်မြှင့်တင်မှုတွေလုပ်ထားပါတယ်။ သူ့ရဲ့အဓိကဆွဲဆောင်မှုက ၁၅ ဒသမ ၆ လက်ရှိတဲ့ ထိန်းချုပ်စခရင်ဖြစ်ပါတယ်။ တခြားကားတွေက အဲဒီစခရင်ကိုအသေတပ်ထားပေမယ့် P7 မှာတော့ သူ့ကိုရွှေ့လို့ရပါတယ်။ အထက်အောက်ဘေးဘယ်ညာ ၂၅ ဒီဂရီစောင်းလို့ရပါတယ်။ အသံနဲ့သာမက လက်ဟန်နဲ့လည်းထိန်းချုပ်နိုင်ပါတယ်။

သူ့မှာ ၈၇ လက်မရှိတဲ့ AR-HUD လည်းပါဝင်ပါတယ်။ သူက ရှေ့လေကာမှန်မှာ အချက်အလက်တွေကို မြင်ရတဲ့စနစ်ပါ။ ဒါ့အပြင် အတွင်းကနေတံခါးဖွင့်တဲ့စနစ်က အရင်လိုမျိုး လက်ကိုင်နဲ့ဖွင့်ရတာမျိုးမဟုတ်ဘဲ ခလုတ်လေးကိုထိလိုက်ရုံနဲ့ ပွင့်သွားတာမျိုးဖြစ်ပါတယ်။ နောက်မှာထိုင်တဲ့သူတွေအတွက် အလယ်မှာဖန်သားပြင်တစ်ခုပါဝင်ပါသေးတယ်။ ပစ္စည်းထည့်ဖို့အတွင်းခန်းအကျယ်က ၆၃၁ လီတာအထိရှိတာကြောင့် တော်တော်လေးကျယ်တဲ့နေရာဖြစ်ပါတယ်။ ထိုင်ခုံတွေကို ခေါက်လိုက်ရင်တော့ ၁၉၂၉ လီတာအထိရရှိမှာပါ။

ဘက်ထရီပိုင်းမှာဆိုရင်တော့ နှစ်မျိုးခွဲထားပါတယ်။ ၇၄ ဒသမ ၉ ကီလိုဝပ်နာရီရှိတဲ့ LEP ဘက်ထရီနဲ့ ၉၂ ဒသမ ၂ ကီလိုဝပ်နာရီရှိတဲ့ လီသီယံဘက်ထရီဆိုပြီးတော့ရွေးချယ်နိုင်ပါတယ်။ နောက်ဘီးယက်စနစ်ဆိုရင် ၂၇၀ ကီလိုဝပ်ရှိတဲ့ဘက်ထရီနဲ့ ဘီးအားလုံးယက်စနစ်မှာတော့ ၄၃၇ ကီလိုဝပ်ရှိတဲ့ဘက်ထရီကို အသုံးပြုထားတာဖြစ်ပါတယ်။ ကိုယ်ရွေးချယ်တဲ့ဘက်ထရီအပေါ်မူတည်ပြီး သွားလာနိုင်တဲ့ခရီးအကွာအဝေးက ၇၀၂ ကီလိုမီတာမှသည် ၈၂၀ ကီလိုမီတာအထိရှိပါတယ်။ အားသွင်းတဲ့နေရာမှာလည်း ၁၀ မိနစ်အားသွင်းရုံနဲ့ ၅၁၂ ကီလိုမီတာအထိသွားနိုင်စေမှာဖြစ်ပါတယ်။ **Ref: AE**

**ကိုထက်**

# ကမ္ဘာပေါ်မှာ အဝေးဆုံးသွားနိုင်တဲ့ EV အတွက် ဘက်ထရီကို ဆမ်ဆောင်းကထုတ်လုပ်ထားခြင်းဖြစ်



ပြီးခဲ့တဲ့ဇူလိုင်လတုန်းက Lucid Air Grand Touring က ကမ္ဘာပေါ်မှာတစ်ကြိမ်အားသွင်းရုံနဲ့ ခရီးအဝေးဆုံးသွားနိုင်တဲ့ လျှပ်စစ်စွမ်းအင်သုံးကား(EV)အဖြစ် ဂင်းနစ်မှတ်တမ်းဝင်ထားတာရှိပါတယ်။ အဲဒီအချိန်တုန်းက သူသွားခဲ့တဲ့ခရီးအကွာအဝေးဟာ ၁၂၀၅ ကီလိုမီတာရှိပြီး တစ်ကြိမ်အားသွင်းရုံနဲ့ ဆွစ်ဇာလန်ကနေ ဂျာမနီကိုရောက်ခဲ့တာပါ။

ဩဂုတ်လမှာတော့ Lucid Air Grand Touring မှာတပ်ဆင်ထားတဲ့ ဘက်ထရီနဲ့ပတ်သက်ပြီး ထုတ်ပြန်ကြေညာမှုတစ်ခုထွက်လာပါတယ်။ ဘာကြောင့်လဲဆိုရင် အခုလိုမျိုးတစ်ကြိမ်အားသွင်းရုံနဲ့ အဝေးဆုံးခရီးကိုသွားနိုင်တယ်ဆိုတာ ကောင်းမွန်လှတဲ့ ဘက်ထရီစွမ်းရည်ကြောင့်ဖြစ်တယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဒါကြောင့်ပဲ အဲဒီဘက်ထရီကိုထုတ်လုပ်သူက သူတို့အနေနဲ့ Lucid Air Grand Touring အတွက် ဘက်ထရီကိုထုတ်လုပ်ခဲ့တာဖြစ်တယ်ဆိုပြီး ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ပြန်ကြေညာလိုက်တာဖြစ်ပါတယ်။ အဲဒီဘက်ထရီကို ထုတ်လုပ်ထားသူကတော့ ဆမ်ဆောင်းကုမ္ပဏီပဲ ဖြစ်ပါတယ်။

အဲဒီ Lucid Air Grand Touring ထဲမှာ ဘက်ထရီအလုံးပေါင်း ၂၂၇၀၀ ပါတဲ့ဘက်ထရီကိုတပ်ဆင်ပေးထားတာဖြစ်ပါတယ်။ သူ့ရဲ့အဆင့်မြင့်နည်းပညာ၊ ထုပ်ပိုးမှုပုံစံနဲ့ အလွန်လျင်မြန်လှတဲ့ အားသွင်းမှုစနစ်တွေကြောင့် ၁၆ မိနစ်အားသွင်းရုံနဲ့ ကီလိုမီတာ ၄၀၀ အထိသွားနိုင်မယ်လို့ ဆမ်ဆောင်းကထုတ်ပြန်ထားပါတယ်။ ဆမ်ဆောင်းနဲ့ Lucid ကုမ္ပဏီတို့ရဲ့ပူးပေါင်းမှုကနေတစ်ဆင့် အခုလိုမျိုးစွမ်းဆောင်ရည်မြင့်မားလှတဲ့ ဘက်ထရီထွက်ပေါ်လာတာဖြစ်ပြီး ဒါဟာ အနာဂတ်အတွက် တော်တော်လေးကိုအကျိုးဖြစ်ထွန်းစေမယ့်ပူးပေါင်းမှုဖြစ်လာပါတယ်။ **Ref: AE**

**ကိုထက်**

# ဒုံးကျည်ပစ်မှတ်အဖြစ်ထားဖို့ ရွေးချယ်ခံလိုက်ရတဲ့ Tesla ရဲ့ Cybertruck

Tesla ရဲ့ Cybertruck ဆိုတာ အကြမ်းခံမှုအပိုင်းမှာ စံချိန်တင်လောက်တယ်လို့ဆိုနိုင်တဲ့ အကြမ်းသုံးကုန်ကားတစ်စီးဖြစ်ပါတယ်။ ဒါကြောင့်လည်း အီလွန်မက်က သူ့ရဲ့ကားကို စစ်ဘက်မှာအသုံးပြုဖို့အတွက် အလွန်အမင်းစိတ်အားထက်သန်ခဲ့တာပါ။ အခုတော့ အီလွန်မက်ရဲ့ဆုတောင်းပြည့်ပါပြီ။ အကြောင်းရင်းကတော့ အမေရိကန်တပ်မတော်က Cybertruck နှစ်စီးကိုဝယ်ယူလိုက်လို့ပဲဖြစ်ပါတယ်။

ဒါပေမဲ့ Cybertruck ကိုအသုံးချမယ့်နေရာက စစ်မြေပြင်လိုနေရာမျိုးမှာ စစ်သည်တွေကိုသယ်ယူပို့ဆောင်ဖို့အတွက်မဟုတ်ပါဘူး။ အဲဒီအစား Cybertruck ကိုဖောက်ခွဲဖို့အတွက် ဝယ်ယူထားတာဖြစ်ပါတယ်။ ဘယ်လိုနည်းနဲ့လဲဆိုတော့ ဒုံးကျည်နဲ့ပစ်ပြီးဖောက်ခွဲမှာပါ။

ဒီလိုမျိုးပြောရတာဟာ နည်းနည်းလေးတော့ထူးဆန်းကောင်းထူးဆန်းနိုင်ပေမယ့် မကြာသေးခင်က ထွက်ပေါ်လာတဲ့ အမေရိကန်လေတပ်စမ်းသပ်ရေးစင်တာရဲ့ ပစ္စည်းဝယ်ယူမှုစာရွက်စာတမ်းများအရ သူတို့က Tesla ရဲ့ Cybertruck နှစ်စီးကိုဝယ်ယူနေတယ်လို့ဖော်ပြထားပါတယ်။ အဲဒီကားတွေကို အဆင့်မြင့်စစ်လက်နက်ပစ္စည်းများ စမ်းသပ်ရာနေရာတစ်ခုဖြစ်တဲ့ သဲဖြူဒုံးကျည်စမ်းသပ်ကွင်းမှာ အသုံးပြုမှာဖြစ်တယ်လို့လည်း ဆိုထားပြန်ပါတယ်။

တကယ်တော့ Cybertruck နှစ်စီးဟာ အခြားသောဇိမ်ခံကားများ၊ လမ်းကြမ်းသုံးကားများနဲ့အတူ ကားအစီးပေါင်း ၃၃ စီးဝယ်ယူမှုထဲမှာ တစ်စိတ်တစ်ပိုင်းအနေနဲ့ပါဝင်တာဖြစ်ပါတယ်။ အကြောင်းရင်းကတော့ ရန်သူတွေအနေနဲ့ Cybertruck ကိုအသုံးပြုလာရင် သူတို့ကိုချေမှုန်းနိုင်မယ့်နည်းလမ်းကို ရှာဖွေသွားဖို့အတွက်ဖြစ်တယ်လို့ ဆိုပါတယ်။ **Ref: AE**

**ကိုထက်**



## အစ္စရေးက ဂါဇာမြို့ကိုသိမ်းပိုက်ရန် အတည်ပြုလိုက်ပြီဟုဆို



**တဲအဗစ်၊ စစ်ရေး**

အစ္စရေးအစိုးရ၏ လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းက ဝန်ကြီးချုပ် နေတန်ယာဟု၏ အစီအစဉ်ဖြစ်သော ဂါဇာမြို့ကိုသိမ်းပိုက်မည့်အစီအစဉ်ကို အတည်ပြုလိုက်ပြီဖြစ်ကြောင်း အစိုးရအဖွဲ့က ဩဂုတ်လ ၈ ရက်တွင် လူမှုကွန်ရက်၌ထုတ်ပြန်ထားသည်။

ယခုကဲ့သို့လုပ်ဆောင်ခြင်းသည် ဟားမက်အဖွဲ့ကဖမ်းဆီးထားသော ဓားစာခံများ၏အသက်အန္တရာယ်ကို စိုးရိမ်ရသည်ဟု သတိပေးမှုများရှိသော်လည်း ဂါဇာကမ်းမြောင်ဒေသတစ်ခုလုံးကို အပြည့်အဝထိန်းချုပ်နိုင်ရေးအတွက် အစ္စရေးအစိုးရကကြိုးပမ်းလာခြင်းဖြစ်သည်ဟု လေ့လာသူများကပြောသည်။

အစ္စရေးအစိုးရအဖွဲ့ဝန်ကြီးများသည် ဂါဇာစစ်ပွဲအဆုံးသတ်ရေးအတွက် အခြေအနေငါးခုကိုအတည်ပြုကြောင်း၊ ထိုအခြေအနေများမှာ ဟားမက်အဖွဲ့ကိုလက်နက်ဖြုတ်သိမ်းရေး၊ ဓားစာခံများအားလုံးကို ပြန်လွှတ်ပေးရေး၊ ဂါဇာဒေသကိုစစ်မဲ့ဇုန်ဖြစ်စေရေး၊ အစ္စရေးကလုံခြုံရေးအရထိန်းချုပ်ရေးနှင့်စစ်ပြီးကာလတွင် ဟားမက်နှင့် ပါလက်စတိုင်းတာဝန်ရှိသူများမပါသည့် အရပ်ဘက်အုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်ရေးတို့ဖြစ်သည်ဟု ဝန်ကြီးချုပ်ရုံးကထုတ်ပြန်ထားသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးတပ်မတော်က မြေပြင်ထိုးစစ်ဆင်တိုက်ခိုက်မှုများမလုပ်ဆောင်မီ အောက်တိုဘာလ ၇ ရက်နောက်ဆုံးထား၍ ပါလက်စတိုင်းများအနေဖြင့် ဂါဇာမြို့နေပြည်သူများကို ဘေးကင်းရာသို့ရွှေ့ပြောင်းထားရန် သတိပေးချက်ထုတ်ပြန်ထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုကမူ ဟားမက်တို့အနေဖြင့် အစ္စရေး၏တောင်းဆိုချက်များကိုလိုက်လျောပါက ယခုကဲ့သို့ ထိုးစစ်ဆင်မည့်အစီအစဉ်ကို ရပ်ဆိုင်းပေးမည်ဟုပြောထားသည်။ **Ref: RT**

## ဂျပန်နိုင်ငံ ကျူးရှူးကျွန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများနှင့် မြေပြိုမှုများဖြစ်ပွား

**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံတောင်ပိုင်းရှိ ကျူးရှူးကျွန်း၌ ဩဂုတ်လ ၈ ရက်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေကြီးမှုများနှင့်မြေပြိုမှုများဖြစ်ပွားသည့်အတွက် တာဝန်ရှိသူများက ဒေသတစ်ဝန်း၌ အမြင့်ဆုံးအဆင့်သတိပေးချက်များထုတ်ပြန်ထားသည်။



ကာဂိုရှီးမားစီရင်စုရှိ အာအီရာမြို့တွင် နေအိမ်တစ်လုံးအပေါ် မြေပြိုမှုဖြစ်ပွားရာ လူနှစ်ဦးပိတ်မိကြောင်း၊ သို့သော် တာဝန်ရှိသူများက ၎င်းတို့ကိုကယ်ဆယ်ပြီးဆေးရုံသို့ပို့ပေးထားကြောင်း ကယ်ဆယ်ရေးဌာနကထုတ်ပြန်ထားသည်။

ထို့ပြင် ကာဂိုရှီးမားစီရင်စုရှိ ပြည်သူ ၃၆၀၀၀၀ ကျော်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် မီးသတ်နှင့်သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီက အကြံပြုထားသည်။ မိုးသည်းထန်စွာရွာသွန်းသည့်အတွက် ရွှံ့ရေများဝင်ရောက်လာကြောင်း၊ ကီရီရှီးမားမြို့၌ ရေသည်ဒူးခေါင်းအထိတက်လာသည်ကိုတွေ့ရကြောင်း ဒေသခံများကပြောထားသည်။

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသတွင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများရပ်ဆိုင်းသွားရပြီး လေယာဉ်ခရီးစဉ်များကိုလည်း ဖျက်သိမ်းလိုက်ရကြောင်းသိရသည်။ **Ref: NBC**

## ဂျာမနီက အစ္စရေးသို့ စစ်လက်နက်ပစ္စည်းများတင်ပို့မှုရပ်ဆိုင်းမည်

**ဘာလင်၊ စစ်ရေး**

ဂျာမနီအစိုးရသည် အစ္စရေးနိုင်ငံသို့ စစ်လက်နက်ပစ္စည်းများတင်ပို့မှုကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း ဂျာမနီဝန်ကြီးချုပ် ဖရိုင်းဒရစ်မာ့ဇ်က ဩဂုတ်လ ၈ ရက်တွင်ပြောထားသည်။

အစ္စရေးအစိုးရက ဂါဇာမြို့ကိုသိမ်းပိုက်ရန်ဆုံးဖြတ်လိုက်ပြီးနောက် အစ္စရေးအနေဖြင့် ဂါဇာကမ်းမြောင်ဒေသ၌အသုံးပြုနိုင်သော စစ်လက်နက်ပစ္စည်းများတင်ပို့မှုကို ရပ်ဆိုင်းမည်ဟု ဂျာမနီဝန်ကြီးချုပ်ကပြောလာခြင်းဖြစ်သည်။ ထို့ပြင် အစ္စရေးအစိုးရအနေဖြင့် အနောက်ဘက်ကမ်းဒေသကို သိမ်းပိုက်ရန်ကြိုးစားခြင်းမှရှောင်ရှားရန် ဂျာမနီဝန်ကြီးချုပ်ကသတိပေးထားသည်။

အလားတူ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက ဂါဇာဒေသသို့ ပေးပို့သော ကူညီထောက်ပံ့ရေးပစ္စည်းများအားလုံးကို ဝင်ရောက်ခွင့်ပြုရန် ဂျာမနီက အစ္စရေးကိုတောင်းဆိုထားကြောင်းသိရသည်။ **Ref: Xinhua**

## သတင်းတိုကဏ္ဍ

### ရုရှား-အမေရိကန်ဆက်ဆံရေးတိုးတက်လာမှုကို တရုတ်နိုင်ငံကဝမ်းသာဟု ရှီကျင့်ဖျင်ပြော

ရုရှားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေးတိုးတက်မှုကို တရုတ်နိုင်ငံကဝမ်းသာသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ရုရှားသမ္မတ ဗလာဒီမာပူတင်ကို ဩဂုတ်လ ၈ ရက်တွင်ပြောသည်ဟုသိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က ယူကရိန်းပဋိပက္ခ အဆုံးသတ်စေရေးအတွက် တွေ့ဆုံဆွေးနွေးမည်ဟု သဘောတူညီချက်ရရှိပြီးနောက် ရှီကျင့်ဖျင်က ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

ဩဂုတ်လ ၈ ရက်တွင် ရုရှားသမ္မတက တရုတ်သမ္မတထံသို့ တယ်လီဖုန်းဆက်၍ ဆွေးနွေးမှုများလုပ်ဆောင်စဉ် ရုရှားနိုင်ငံနှင့်အမေရိကန်နိုင်ငံတို့ကြား ဖြစ်ပေါ်နေသည့်အခြေအနေများ၊ ယူကရိန်းအခြေအနေများနှင့်စပ်လျဉ်း၍ ပူတင်၏ပြောဆိုမှုအပေါ် ရှီကျင့်ဖျင်က ယခုကဲ့သို့တုံ့ပြန်ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံပိုင်သတင်းဌာနတစ်ခုကဖော်ပြထားသည်။ ထို့ပြင် တရုတ်နိုင်ငံက ယူကရိန်းအရေးနှင့်ပတ်သက်၍ ကူညီပေးမည်ဟု ရှီကျင့်ဖျင်က ပြောထားသည်။ **Ref: CCTV**

### အာဆီယံထိပ်သီးညီလာခံသို့ရှီကျင့်ဖျင်နှင့် ထရမ့်တို့တက်ရောက်မည်ဟု မလေးရှားပြော

အောက်တိုဘာလတွင်ကျင်းပရန်စီစဉ်ထားသည့် အာဆီယံအဖွဲ့ထိပ်သီးအစည်းအဝေးသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့တက်ရောက်မည်ဟု အာဆီယံအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဩဂုတ်လ ၈ ရက်တွင်ပြောသည်။

အလားတူ BRICS အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘရာဇီးသမ္မတ လူးဝစ်အနာစီယိုလူလာဒါဆေးဗားနှင့် G-20 အဖွဲ့၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တောင်အာဖရိကသမ္မတ စိုင်ရေးရာမာဖိုဆာတို့ကလည်း (၄၇) ကြိမ်မြောက်အာဆီယံထိပ်သီးညီလာခံသို့တက်မည်ဟု အန်ဝါအီဘရာဟင်က (၅၈) ကြိမ်မြောက် အာဆီယံနေ့အခမ်းအနားမိန့်ခွန်းတွင် ထည့်သွင်းပြောထားခြင်းဖြစ်သည်။

အဆိုပါထိပ်သီးအစည်းအဝေး၌ အာဆီယံဒေသတွင်း ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် စီးပွားရေးဆက်ဆံရေးများအပါအဝင် အဓိကကျသောအကြောင်းအရာများကိုဆွေးနွေးသွားမည်ဟု အန်ဝါအီဘရာဟင်ကပြောသည်။ **Ref: The Star**

### တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ ရေကြီးမှုအတွင်း လူ ၁၀ ဦးသေဆုံးပြီး ၃၃ ဦးပျောက်ဆုံး

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ဂန်ဆုပြည်နယ်၌ ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားသောကြောင့် လူ ၁၀ ဦးသေဆုံးပြီး ၃၃ ဦးပျောက်ဆုံးနေကြောင်း နိုင်ငံပိုင်သတင်းဌာနတစ်ခုက ဩဂုတ်လ ၈ ရက်တွင်ထုတ်ပြန်ထားသည်။

ထို့ကြောင့် ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က လမ်းညွှန်ထားသည်ဟု CCTV သတင်းဌာနကဖော်ပြထားသည်။

ထို့ပြင် ပြင်းထန်သောရာသီဥတုအခြေအနေများ မကြာခဏဖြစ်ပွားလျက်ရှိသောကြောင့် ဒေသအားလုံးအနေဖြင့် ယင်းကဲ့သို့သောသဘာဝဘေးများကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် ရှီကျင့်ဖျင်ကလမ်းညွှန်ထားသည်ဟု သတင်းဌာနကဆက်လက်ဖော်ပြထားသည်။ ဂန်ဆုပြည်နယ်၌ ဩဂုတ်လ ၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းနေခြင်းဖြစ်ကြောင်း သိရသည်။ **Ref: CCTV**

### အဇာဘိုင်ဂျန်နှင့်အာမေးနီးယားတို့က ငြိမ်းချမ်းရေးသဘောတူညီချက်ကိုလက်မှတ်ထိုးမည်

အဇာဘိုင်ဂျန်နိုင်ငံနှင့် အာမေးနီးယားနိုင်ငံတို့က နှစ်နိုင်ငံကြားနှစ်ပေါင်းများစွာကြာပဋိပက္ခဖြစ်ပွားပြီးနောက် ယခုအခါ စီးပွားရေးအရ ဆက်ဆံရေးကိုတိုးမြှင့်နိုင်စေရန် ငြိမ်းချမ်းရေးသဘောတူညီချက်ကိုလက်မှတ်ထိုးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတရုံးက ထုတ်ပြန်ထားသည်။

ထို့ပြင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယင်းနှစ်နိုင်ငံနှင့် စွမ်းအင်၊ နည်းပညာ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ နယ်စပ်လုံခြုံရေး၊ အခြေခံအဆောက်အအုံနှင့်ကုန်သွယ်ရေးတို့နှင့်ပတ်သက်၍ နှစ်နိုင်ငံကြားသီးခြားသဘောတူညီချက်များကိုလက်မှတ်ထိုးသွားမည်ဖြစ်ကြောင်း အိမ်ဖြူတော်မှ ပြောရေးဆိုခွင့်ရှိသူ အန်နာကယ်လီကပြောသည်။

အဇာဘိုင်ဂျန်နိုင်ငံသမ္မတ အီဟမ်အလီယက်နှင့် အာမေးနီးယားနိုင်ငံဝန်ကြီးချုပ် နီကောပါရှင်ယန်တို့က ဩဂုတ်လ ၈ ရက် အမေရိကန်စံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် အိမ်ဖြူတော်သို့ရောက်ရှိပြီး လက်မှတ်ရေးထိုးပွဲအခမ်းအနားတက်ရောက်မည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးကပြောသည်။ **Ref: ST**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၀ ဦးအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဩဂုတ် ၈

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park) နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၉ ဦးနှင့် ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ စုစုပေါင်း ၂၀ ဦးအား ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင့်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ၁၀ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်နိုင်ငံသံရုံးမှ Assistant/ official Mr. Muhammad Umar နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့- ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် တောင်အာဖရိကနိုင်ငံသား တစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသားတစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသား ငါးဦးနှင့် မလေးရှားနိုင်ငံသားတစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀ ဦး ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ဩဂုတ်လ ၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၃၁ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၉၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၃၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု(Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျပြည်နှင်လွှဲပြောင်းပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



နေပြည်တော် ဩဂုတ် ၈

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ခွင့်ပြုချက် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ3X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် NETA U အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Geely Riddara RD6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Midmay Group Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dongfeng NAMMI 01 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ

# ၈-၈-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၈

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၂ လက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့၊ မဒေါက်မြို့နှင့် ဘားအံမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

**➧ ကျောဖုံးမှအဆက်**

